## မာတိကာ

၁။ ပါတီအာဘော် -------- ---------- ---- ----------- ၂

၂။ **CNF** ဥက္ကဋ္ဌသစ် ပူးထန်နန်လျန်းထန် ၏ ကြိုဆိုနှုတ်ခွန်းစကား - - ၄

၃။ ထုတ်ပြန်ကြေညာချက်နှင့် သဝဏ်လွှာ -------- ------- ၈

၄။ မျိုးချစ်သားကောင်းတို့ စံပျော်ရာမြေ --------------- ၁၈

၅။ ခမ်းပတ်ညောင်ပင်နှင့် ၄င်း၏ နောက်ခံသမိုင်း ------ ------ ၂၅

၆။ ပင်လုံ၏ ကျိန်စာ ------------------------ --------- -- ၃၀

၇။ ကာတွန်း၊ ကဗျာ ------------------------ -- -- ----- ၃၆

၇။ ကျွန်တော်ချစ်သော ချင်းပြည်အတွက် ဆုတောင်းခြင်း ------ ၃၇

၈။ အခွင့်အရေးများဟူသည် --- -- ---------- - ၄၇

၉။ ပင်လုံလမ်း (သို့မဟုတ်) ငြိမ်းချမ်းသော ပြည်ထောင်စုသို့ ----- ၅၀

## ပါတီအာဘော်

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီးသည့်အချိန်မှ ၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်းပိုက်သည့်အချိန်အထိ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကျင့်သုံးခဲ့သည်။ ၄င်းဥပဒေ ပုဒ်မ (၉၂)နှင့် တတိယဇယားအရ ပြည်ထောင်စုအဖွဲ့ဝင်များ၏ အာဏာကို ကန့်သတ်ပြီး၊ ကျန်အာဏာများ (Residuary Power) ကို ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့်ရှိသော စံနစ်ဖြစ်ပြီး၊ ပြည်ထောင်စုနှင့်ပြည်ထောင်စုအဖွဲ့ဝင်နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့်ရှိသော အာဏာ (Concurrent Power) ခွဲဝေရေးစံနစ်မရှိခဲ့ဘဲ၊ ကြွင်းကျန်အာဏာများကို ပြည်ထောင်စုကသာ ကျင့်သုံးပိုင်ခွင့် ရှိသည်။

တဖန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး ကောင်စီ (နဝတ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စသည့် စစ်အစိုးရအဆက်ဆက်တို့က ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်ဆယ့်လေးနှစ်ကြာခဲ့သော အမျိုးသားညီလာခံကို ကျင်းပပြုလုပ်ခဲ့ပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၄င်းတို့ စိတ်တိုင်းကျရေးဆွဲလျက် ၂၀၀၈ ခုနှစ် မေလတွင် အတည်ပြုပြဌာန်းလိုက်သည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၆) နှင့် ဇယား(၁)တွင် ပြည်ထောင်စု(ဗဟို) ဥပဒေပြုအာဏာ (၁၂၃)ခုကို ဖော်ပြထားပြီး ပုဒ်မ (၁၈၈)ကို ရည်ညွှန်းသည့် ဇယား(၂) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအာဏာ (၄၁)ခုကို ဖော်ပြထားသည်။ ပုဒ်မ (၉၈)တွင် ကြွင်းကျန်အာဏာများကို ပြည်ထောင်စုကသာ ကျင့်သုံးရန် အပ်နှင်းထားသည်။ ပြည်ထောင်စု နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က နှစ်ဖက်ကျင့်သုံးပိုင်ခွင့် အာဏာ (Concurrent power) ခွဲဝေရေး မရှိပေ။

ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်တခုသည် အမျိုးသားပြည်နယ်များကိုအခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်ပါသည်။ စစ်မှန်သော ဖက်ဒရယ်ဆိုသည်မှာ ပြည်ထောင်စု(ဗဟို)အစိုးရ၏ အာဏာများကို ကန့်သတ်ပြီး ကျန်

အာဏာများကို ပြည်ထောင်စုအဖွဲ့ဝင်များက ကျင့်သုံးပိုင်ခွင့်ရှိသော အာဏာခွဲဝေရေး စံနစ်ပင်ဖြစ်သည်။ ဗဟိုအစိုးရသည် ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေး၊ ငွေစက္ကူထုတ်လုပ်ရေး စသည့်တို့နှင့်သက်ဆိုင်သော အာဏာများကို ပေးထားပြီး အာဏာအမျိုးအစား အတိအကျကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားရမည်။ ကျန်အာဏာများကို ပြည်ထောင်စုအဖွဲ့ဝင်များက ကျင့်သုံးခွင့်ရှိရမည်။ ဗဟိုအစိုးရ၏ အာဏာသည် နည်းပြီး ပြည်ထောင်စုအဖွဲ့ဝင်များ၏ အာဏာသည် ပိုမိုများပြား၍ ဒေသသန္တရအစိုးရအာဏာသည် အများဆုံးအာဏာ ခွဲဝေရေးစံနစ်ပင် ဖြစ်သည်။

အကယ်၍ ပြည်ထောင်စု(ဗဟို) အစိုးရအာဏာသည် အများဆုံးဖြစ်ပြီး၊ ပြည်ထောင်စုအဖွဲ့ဝင်များ အာဏာသည် နည်းနေလျှင် စစ်မှန်သောဖက်ဒရယ် မဟုတ်ဘဲ အလယ်အလတ်ပြည်ထောင်စု (Moderate Federal)၊ တဝက်တပျက်ဖက်ဒရယ် (Quasi Federal) နှင့် တပြည်ထောင်စုစံနစ် ပုံစံကဲ့သို့ ဖြစ်သွားမည်။ ဤသို့ဆိုလျှင် စစ်မှန်သော ဖက်ဒရယ်ဖြစ်မလာနိုင်ပေ။ အာဏာခွဲဝေကျင့်သုံးခြင်းသည် ဒီမိုကရေစီစံနစ်၏ အခြေခံမှုတခု ဖြစ်သောကြောင့် စစ်မှန်သောဖက်ဒရယ် တည်ဆောက်ရေးနှင့် ဒီမိုကရေစီ တည်ထောင်ရေးတို့သည် အပြန်အလှန် အကျိုးပြုကြသည်။

ထို့ကြောင့် ပြည်ထောင်စု(ဗဟို)မှ အာဏာများစွာယူထားပြီး ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးတို့ကို အနည်းငယ်မျှသောအာဏာ ပေးထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု အာဏာခွဲဝေရေးစံနစ်ပုံစံအဖြစ် ပြင်ဆင်ရန် လိုအပ်သည်။

၀၀၀

# CNF ဥက္ကဋ္ဌသစ် Pu Thang Nang Lian Thang ၏ ကြိုဆို နှုတ်ခွန်းဆက်စကား



ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ၊ ထန်နန်လျန်းထန်

လေးစားရပါသော –

ချင်းအမျိုးသားတပ်ဦး နှင့် တပ်မတော်အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များ၊ ဗဟိုကော်မတီ အစည်းအဝေးတွင် တက်ရောက်နေကြသော ပုဂ္ဂိုလ်များအားလုံး ခင်ဗျား–

ကျွန်တော် ထန်နန်လျန်းထန် မှ စကားပြောခွင့် ရသောကြောင့် ဂုဏ်ယူကျေးဇူးတင်စွာဖြင့် နှုတ်ခွန်းဆက်သ လိုက်ပါသည်။

ကျွန်တော်တို့အားလုံး၏ ရည်မှန်းချက်ဖြစ်သော ချင်းအမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးအတွက် ကျွန်တော်တို့ အတူလက်တွဲပြီး ချင်းအမျိုးသားနိုင်ငံရေးမှာ ပါဝင် လှုပ်ရှားနေကြခြင်း ဖြစ်ပါသည်။

ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ပါတီညီလာခံကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့မှ (၁၆) ရက်နေ့အထိ ကျင်းပခဲ့ကြပြီး၊ ရွေးချယ်တာဝန်ပေးအပ်ခံရသည့် အချိန်မှစ၍ အတူလက်တွဲပါဝင်လာခဲ့သည်မှာ ယနေ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ပါတီဗဟိုကော်မတီ အစည်းအဝေးကြီးအထိ ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်စွာ နှင့် ချင်းအမျိုးသားရေးမှာ ပါဝင်ကြပါသည်။ တစ်ဦးနှင့်တစ်ဦး ပိုမိုယုံကြည်စိတ်ချမှု၊ အပြန်အလှန် ပိုမိုနားလည်မှု ရှိခြင်းကြောင့်၊ ယနေ့အထိ လက်တွဲ အောင်မြင်လာခြင်းပင် ဖြစ်ပါသည်။

ဤအစည်းအဝေးကြီးမှလည်း ကျွန်တော့်ကို အလှည့်ကျဉက္ကဋ္ဌတာဝန် ရွေးချယ်ပေးအပ်လာသည့်အတွက် ကျေးဇူးတင် ဂုဏ်ယူမိပါသည်။ ကျွန်တော်တို့၏ ချင်းအမျိုးသားတော်လှန်ရေးသည် ခေါင်းဆောင် တစ်ဦးတစ်ယောက်တည်း၏ ဦးဆောင်မှုနှင့် လုပ်ဆောင်သည် မဟုတ်ပါ။ ကျွန်တော်တို့အားလုံး စည်းလုံးမှု၊ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ ကျရာနေရာတွင် တာဝန်ကျေပွန်မှုတို့ကြောင့် ဒီနေ့အထိ အောင်မြင်မှုများနှင့် ရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်းမှာလည်း အားလုံး စည်းစည်းလုံးလုံးနှင့် ပူးပေါင်းတာဝန်ယူ လုပ်ဆောင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ချင်းပြည်နယ် (ချင်းလဲန်း)၏ နိုင်ငံရေး အခြေအနေများသည် အလွန်အရေးကြီးသော အခြေအနေတွင် ရောက်နေပါသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းစွာတည်တံ့ရန်၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်နိုင်ရန်၊ အာမခံချက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ အထူးလိုအပ်နေပါသည်။ တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ဖန်တီးခွင့်များသည် ယနေ့နိုင်ငံရေးတွင် ပါဝင်နေကြသော ကျွန်တော်တို့ အားလုံးအပေါ်တွင် မူတည်နေပါသည်။ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် အာမခံချက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကိုလည်း ဆက်လက် လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

ကျွန်တော်တို့ ချင်းအမျိုးသားများ အချင်းချင်းအကြားတွင် ချစ်ကြည်မှု၊ စည်းလုံးမှု ရှိမှသာလျှင် ကျွန်တော်တို့အားလုံး၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်

နိုင်မည်ဖြစ်ပါသည်။ တော်လှန်ရေးဖြစ်စဥ် တစ်ခုတွင် အားနည်းမှု၊ ချို့ယွင်းမှုများရှိပါက လည်း အချင်းချင်းပြုပြင်ပြီး ရေရှည်အတွက်စဥ်းစားကာ သည်းခံမှု၊ ခွင့်လွှတ်မှု၊ ပြုပြင်မှုများ အလွန်လိုအပ်ပါသည်။ အနာဂတ်လုပ်ငန်းစဥ်များကို မျှော်မြင်တတ်ပြီး လတ်တလော ဖြေရှင်းမရနိုင်သေးသော ကိစ္စများရှိပါက၊ အဓိကလုပ်ငန်း၊ သာမန်ကိစ္စ၊ မဟာဗျူဟာ နည်းဗျူဟာ အပိုင်းများကို ချိန်ဆနိုင်ကြရန် လိုအပ်ပါသည်။

ယနေ့ နိုင်ငံရေးလှုပ်ရှားမှုအခြေအနေသည် ကျွန်တော်တို့ မြို့နယ်၊ ဒေသ တစ်ခု တည်းကို ကွက်ကြည့်ပြီး လုပ်၍ မရတော့ပါ။ တစ်ပြည်လုံးအတိုင်းအတာ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပထဝီနိုင်ငံရေးအခြေအနေများကို အသေးစိတ် သုံးသပ်လေ့လာကြပြီး၊ ကျွန်တော်တို့၏ အမျိုးသားရပ်တည်မှု တည်တံ့ခိုင်မြဲရေး၊ ကျွန်တော်တို့ ချင်းပြည် (ချင်းလဲန်း)နှင့် ချင်း ပြည်သူလူထုများ တိုးတက်သာယာဝပြောရေးအတွက် တိကျမြင်သာ သော လုပ်ငန်းစဥ်များကို အားလုံးက လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

ကျွန်တော်တို့၏ ချင်းအမျိုးသားနိုင်ငံရေးတွင် ပါဝင်ကြသည့် မြန်မာပြည်တွင်း နှင့် နိုင်ငံတကာ မှ ချင်းအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများသည် အရေးပါလှပါသည်။ ကျေးဇူးလည်း တင်ပါသည်။

ထို့အပြင် ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော် ရပ်တည်နိုင်ရေး အတွက် အဖက်ဖက်မှ စွန့်လွှတ်အနစ်နာခံကြပြီး၊ ပေးဆပ်တာဝန်ထမ်းဆောင်နေကြသော ရဲဘော်၊ ရဲမေ များကိုလည်း မှတ်တမ်းတင် ချီးကျူးလိုပါသည်။ ခေတ်လူငယ်များအနေဖြင့် နိုင်ငံတကာသို့ အခြေချ နေထိုင်သွားလာနိုင်သော်လည်း အမျိုးသားရေးအတွက် ဘဝကို ပေးဆပ်ထားသော၊ နယ်စပ်ဒေသတွင် အခြေခံ၍ ရပ်တည်လှုပ်ရှားနေကြသော တပ်မတော်သား အားလုံးကို လေးစားဂုဏ်ပြုအပ်ပါသည်။

လေးစားအပ်ပါသော ခေါင်းဆောင်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်၊ တော်လှန်ရေး ရဲဘော်ရဲမေများ၊ ဗဟိုကော်မတီအစည်းအဝေး တက်ရောက်နေကြသော လူကြီးမင်းများ

အားလုံး ခင်ဗျား–

ကျွန်တော့်ကို ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး အားလုံးနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကြပါစို့ဟု ကတိပြုပြောကြားရင်း နိဂုံး ချုပ်အပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့်

ထန်နန်လျန်းထန်
ဥက္ကဋ္ဌ
ချင်းအမျိုးသားတပ်ဦး
၂၀၁၅ ခုနှစ်၊ ဇန္နဝါရီလ (၂၂) ရက်

၀၀၀

## (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသား ခေါင်းဆောင် ပူးဝမ်သူးမောင်း၊ ပူးမန်တုံးနုံး နှင့်တကွ ချင်းအမျိုးသားကိုယ်စားလှယ်များ ချင်းလဲန်း၊ ဖလမ်းမြို့တွင် စုဝေးလျက် မြေရှင် ပဒေသရာဇ်စံနစ်ကို ဖျက်သိမ်းပြီး လူထုဆန္ဒနှင့်အညီ အုပ်ချုပ်သောစံနစ်သို့ ပြောင်းလဲသည့် ဒီမိုကရေစီအုတ်မြစ်ကို ချပေးသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ထို့အပြင် ချင်းမျိုးနွယ်စုအားလုံးတို့၏ စည်လုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့် သမိုင်းမှတ်တိုင် ကမ္ပည်းရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဤမွန်မြတ်လှသော နေ့မြတ်အား ချင်းအမျိုးသားများ နေထိုင်သည့် နိုင်ငံတိုင်းတွင် အနှစ်သာရရှိရှိ ဆင်နွဲကျင်းပနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သ လိုက်ပါသည်။

ချင်းအမျိုးသားနေ့အဖြစ် ဆယ်စုနှစ်လေးစုနီးပါး ကျင်းပခြင်းမပြုနိုင်ခဲ့သည့် နောက်ပိုင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ တို့၏ ချင်းအမျိုးသားရေးဆိုင်ရာ သဘောတူညီချက် (၂) ၌ "ချင်းအမျိုးသားတို့၏ အမြတ်တနိုးတန်ဖိုးထားသော နေ့ရက်ဖြစ်သည့် ဖေဖော်ဝါရီလ(၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် ပြန်လည်သတ်မှတ်ရန်နှင့် ချင်းပြည်နယ်တွင် ယင်းနေ့ရက်အား ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန်တို့ကို ပြည်နယ်အစိုးရမှ ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်" ဟု ပါရှိခဲ့သည်နှင့်အညီ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပူးပေါင်းဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သော (၆၅) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဟားခါးမြို့တော်တွင်လည်းကောင်း၊ ၂၀၁၄ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သော (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို မင်းတပ်မြို့တွင် လည်းကောင်း၊ နိုင်ငံတော်အစိုးရ ဝန်ကြီးများ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ချင်းအမျိုးသားတပ်ဦး ခေါင်းဆောင်များနှင့် အနယ်နယ်အရပ်ရပ်မှ ချင်း အမျိုးသားများ၊

ဒေသခံနှင့် ချင်းပြည်သူလူထုများ ပါဝင်လျက် စည်ကားသိုက်မြိုက်စွာ ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပနိုင်ခြင်းသည် ချင်းလူမျိုးတို့၏ အမျိုးသားအင်္ဂါရပ်ကို အသိအမှတ်ပြုခြင်းနှင့် သမိုင်းကြောင်း အဖြစ်မှန်များကို ပြန်လည် ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဤအခါသမယတွင် ချင်းလူမျိုးများအနေဖြင့် မိမိလူမျိုး၏ အခြေခံရပိုင်ခွင့်ကို ကာကွယ် ထိန်းသိမ်းလိုစိတ်၊ မိမိယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းမြှင့်တင်လိုစိတ်နှင့် မှန်ကန်သော မျိုးချစ်စိတ်ဓါတ်များကို လေးနက်စွာ ခံယူ တန်ဖိုးထားရေးကို တိုက်တွန်းလိုပါသည်။ တဖန် လက်ရှိ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးရေးအတွက် ချင်းအမျိုးသားတပ်ဦးသည် အစွမ်းအစရှိသမျှဖြင့် အမျိုးသားရေးအတွက် ဆက်လက် တိုက်ပွဲဝင်သွားမည် ဖြစ်သည်။ ချင်းအမျိုးသား နိုင်ငံရေးလှုပ်ရှားမှုကို မိမိတို့ ကျရာ အခန်း ကဏ္ဍမှပါဝင်သော အားပေးကူညီကြသည့် အမျိုးသားပြည်သူလူထုအပေါ် အထူးကျေးဇူး တင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

သို့ဖြစ်ပါ၍ (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခါသမယတွင် ကမ္ဘာတစ်ဝှမ်းရှိ ချင်း အမျိုးသား ပြည်သူများအနေဖြင့် အမျိုးသားလှုပ်ရှားမှုတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊ လူမျိုးအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုရေး၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ကောင်းကျိုးချမ်းသာကို ပိုမိုဖော်ဆောင်ရေး အားထုတ်စေလိုကြောင်း တိုက်တွန်းရင်း ချင်းအမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြပါရန် တိုက်တွန်းအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး

## (၂၇) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုန်ပြန်ကြေညာချက်

**(၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက်)**

၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့သည် ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိပြီး အမျိုးသားပြည်နယ်များကို အခြေခံသော ဖက်ဒရယ် ပြည်ထောင်စုစံနစ် တည်ဆောက်ရန် အခက်အခဲပေါင်းများစွာ ဖြတ်ကျော်၍ ချင်းပြည်သူ များနှင့်အတူ အမျိုးသားရေးတိုက်ပွဲ ဝင်လာခဲ့သည့် (၂၇) နှစ်မြောက် ချင်း တော်လှန်ရေး နေ့ အခါသမယ ပင်ဖြစ်ပါသည်။ ဤ နေ့ထူးနေ့မြတ် အချိန်အခါ၌ ချင်းတမျိုးသားလုံး အတွက် တိုက်ပွဲဝင်ရင်း အသက်ပေးလှူသွားကြသော အာဇာနည် ရဲဘော်ရဲမေများ၊ ချင်း မျိုးချစ်ပုဂ္ဂိုလ်များနှင့် ချင်းပြည်သူအပေါင်းတို့အား ဦးညွှတ်ဂါရဝ ပြုအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားကာကွယ်ရေးနှင့် အမျိုးသား ရှင်သန်ရပ်တည်နေနိုင်ရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို ကျောရိုးမဏ္ဍိုင်ပြု ၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်း၊ သံတမန်ရေးနည်းများဖြင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပင်လုံစာချုပ်နှင့် ယင်း၏ ကတိကဝတ် များကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများနှင့် လက်တွဲတိုက်ပွဲဝင်လျက်ရှိရာ လတ်တလော ဖြစ်ပွားနေသည့် ပြည်တွင်း ပဋိပက္ခများကို လူအင်အား၊ လက်နက်အင်အားဖြင့် ဖြေရှင်းခြင်းမျိုး မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့်လည်း ချင်းအမျိုးသားတပ်ဦးသည် ၂၀၁၂ ခုနှစ် မှစ၍ ပြည်နယ်အဆင့် တွေ့ဆုံဆွေးပွဲ တစ်ကြိမ်၊ ပြည်ထောင်စုအဆင့် နှစ်ကြိမ် ဆွေးနွေးခဲ့ကြပြီး အပစ်အခတ်ရပ်စဲရေးကို ရယူထားခြင်း ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦး/တပ်မတော်သည် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် လိုင်ဇာ ဘုံသဘောတူညီချက်နှင့် လော်ခီးလာတနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို တညီတညွတ်တည်း ချမှတ်ခဲ့ကြပါသည်။ ဤသို့ ချင်း အမျိုးသားတို့အပါအဝင် တိုင်းရင်းသားလူမျိုးစု တစ်ရပ်လုံးက ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်ရန် သံမဏိပြ္ဌာန်ချထားပြီး ဖြစ်သည်။ အမှန်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုရှိပြီး၊ အမျိုးသားဖြစ်မှု၊ အပြန်အလှန်အသိအမှတ်ပြုရေး မှုကို ကိုင်စွဲလျက် အမျိုးသားတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိကြပြီးမှသာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဟူသော ယုံကြည်ချက်နှင့်အညီ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီး၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် လက်ပံတန်းမြို့၌ လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေ ပြုပြင်ပြောင်းလဲရန် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသည့် ရဟန်းသံဃာ၊ ကျောင်းသားပြည်သူများအား အစိုးရအာဏာပိုင်များက အကြမ်းဖက်ရိုက်နှက် ဖြိုခွဲ ခဲ့ခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းတို့အပေါ် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ဗီလာဆန့်ကျင်နေပြီး၊ ထိုသို့ အကြမ်းဖက်မနှိမ်နင်းသင့်ဟု ရှုမြင်ပါသည်။ ထိုသို့ အကြမ်းဖက် နှိမ်နင်းမှုကြောင့် မလိုလားအပ်သော ပြဿနာများအပါအဝင်၊ အပြစ်မဲ့ ကျောင်းသားပြည်သူများ၏ လုံခြုံရေးအတွက်ပါ လွန်စွာစိုးရိမ်မကင်း ဖြစ်မိပါသည်။

ဤကဲ့သို့ အကြမ်းဖက်နှိမ်နင်းမည့်အစား တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသည့် ဒီမိုကရေစီမှုကို ကျင့်သုံးသွားရန် တိုက်တွန်းလိုပါသည်။ ထို့အပြင် (ကေအိုင်အေ) ဗိုလ်လောင်းကျောင်းအား ပစ်ခတ်တိုက်ခိုက်မှု၊ ကိုးကန့်ဒေသ၊ ကချင်ပြည်နယ်နှင့် အခြားတိုင်းရင်းသား နယ်မြေများအတွင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် တစ်ဖက်နှင့်တစ်ဖက် မယုံသင်္ကာဖြစ်စေနိုင်သည့် အင်အားသုံး တိုက်ခိုက်မှုများဖြစ်သဖြင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့် အထူးရှုတ်ချသည်။

ပြည်တွင်းငြိမ်းချမ်းရေးအမှန် တည်ဆောက်နိုင်ရန် ဗမာ့တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့အားလုံး နိုင်ငံ၏ ကာကွယ်ရေးကို အဓိက တာဝန်ယူကြရမည်ဖြစ်ပြီး နိုင်ငံရေးတွင် ပါဝင်ပါတ်သက်မှု ကင်းရှင်းကြရမည်ဖြစ်သည်။ အတိုင်းမသိ အင်အားတည်ဆောက်နေမှုကို လျော့ချရန်နှင့် ထိန်းချုပ်ရန် (သို့မဟုတ်) ရေးဆွဲထားသော ဥပဒေစည်းမျဉ်းအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များအားလုံး သဘောတူညီချက်အရ အင်အားတည်ဆောက်ကြရန် လိုအပ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အတွင်းစိတ်သဘောတွင် နှစ် (၆၀) ကျော် ပြည်တွင်းစစ်၏ ပျက်စီးဆုံးရှုံးမှု အနိဌါန်ရုံကို သင်ခန်းစာယူကြပြီး အမှန်တကယ် ငြိမ်းချမ်းရေး တည်ဆောက်လိုသော စေတနာအမှန်ဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာမှသာ အောင်မြင်နိုင်မည်။ တိုင်းရင်းသားတို့၏ ရသင့်ရထိုက်သော အာဏာများကို စံနစ်တကျ ခွဲဝေပေးရမည်ဖြစ်ပြီး ၎င်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားဖြင့် အာမခံချက် ပေးရမည် ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ မတ်လ(၁၇)ရက်နေ့မှစ၍ ကျင်းပလျက်ရှိသော ပြည်ထောင်စုအစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ နှင့် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ သတ္တမအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအား ချင်းအမျိုးသားတပ်ဦးမှ နွေးထွေးစွာကြိုဆိုပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် သဘောတူညီချက် ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့် တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်။ ထို အထွေထွေရွေးကောက်ပွဲ၌ ချင်းအမျိုးသား နိုင်ငံရေးပါတီများ အနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေ့ရှုပြီး နိုင်ငံရေးပါတီတစ်ခု (သို့မဟုတ်) နိုင်ငံရေးတပ်ပေါင်းစုတစ်ခု ဖွဲ့စည်းသင့်သည်။ ချင်းလဲန်း ၌ နေထိုင်ကြသော ချင်းပြည်သူလူထုနှင့်

ချင်းအမျိုးသားမျိုးနွယ်စု အားလုံးတို့သည် နောင်လာနောက်သားများအတွက် ၂၀၁၃ ခုနှစ်၊ ချင်းအမျိုးသားညီလာခံ၏ လိုလားသော အမျိုးသားတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အာမခံချက်ပေးနိုင်သည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကို လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် ပုဂ္ဂိုလ်များ၊ သင့်လျော်သော ပါတီများအား ရွေးကောက်တင်မြှောက်ကြပါရန် တိုက်တွန်း လိုပါသည်။

ချင်းအမျိုးသားတပ်ဦးသည် နှစ်ပေါင်း (၂၇) နှစ်တိုင်တိုင် ချင်းအမျိုးသားများ ဘဝ ရှင်သန်ရပ်တည်နိုင်ရေး၊ ချင်းလဲန်းအတွင်း ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး၊ ချင်းလဲန်းတွင် ချင်းပြည်သူများက အာဏာအပြည့်အဝရှိသော ဒီမိုကရေစီစံနစ်ပြန်လည်ထူထောင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်သစ် တည်ဆောက်ရန် အသက်၊ သွေး၊ ချွေး ပေါင်းများစွာ စတေးကာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်လာခဲ့ပြီး ဖြစ်သည်နှင့်အညီ အနာဂတ်တွင်လည်း ချင်းမျိုးဆက်သစ်တခုမှ နောက်မျိုးဆက်သစ်တစ်ခုသို့ တော်လှန်ရေးတာဝန် ပုခုံးလွှဲပြောင်းပြီး အမျိုးသားရေး ရည်မှန်းချက် ပြီးဆုံးသည်အထိ မည်သို့သော အခက်အခဲများနှင့် ကြုံတွေ့စေကာမူ ပြည်သူလူထုနှင့်အတူ ဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ လိုက်ရပေသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်

# ချင်းအမျိုးသားတပ်ဦး ဥက္ကဌ ၏ (၂၇) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ သဝဏ်လွှာ

လေးစားရပါသော ချင်းအမျိုးသားတပ်ဦး/တပ်မတော်မှ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲမေများ ခင်ဗျား –

ဒီနေ့ဟာ ကျွန်တော်တို့ ချင်းအမျိုးသားများရဲ့ သမိုင်းမှာ အလွန်အရေးကြီးတဲ့ နေ့ထူးနေ့မြတ် ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့ဟာ ချင်းအမျိုးသားတပ်ဦး ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါတယ်။ စတင် ဖွဲ့စည်းတည်ထောင် ခဲ့ကြတဲ့ ပုဂ္ဂိုလ်များအားလုံးကိုလည်း လေးစားစွာကျေးဇူးတင် ဂုဏ်ပြုအပ်ပါတယ်။

ချင်းအမျိုးသားတပ်ဦးဟာ ချင်းအမျိုးသားများအရေး၊ ချင်းပြည် (ChinLand) အတွက် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ချင်းအမျိုးသားတို့ရဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ဒီမိုကရေစီ စံနှစ် ထွန်းကားရေးအတွက် တိုက်ပွဲဝင်လျက်ရှိပါတယ်။ တော်လှန်ရေးခရီး တစ်လျှောက်လုံး မှာ အသက်ပေးခဲ့ကြတဲ့ အာဇာနည် ရဲဘော်၊ ရဲမေများ၊ ချင်းမျိုးချစ်ပုဂ္ဂိုလ်များနှင့် ချင်း ပြည်သူအပေါင်းတို့ကို လေးစားဂုဏ်ပြု မှတ်တမ်းတင်အပ်ပါတယ်။

၂၀၁၅ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော် ထူ ထောင်ခြင်း (၂၇) နှစ်မြောက် ချင်းအမျိုးသား တော်လှန်ရေးနေ့ အခမ်းအနားမှာ နှုတ်ခွန်း ဆက်စကား ပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ (၂၇) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခမ်းအနားကို နိုင်ငံအနှံ့အပြားမှာ အတတ်နိုင် ဆုံး ကျင်းပနေကြတဲ့အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါ တယ်။

ချင်းအမျိုးသားတပ်ဦး/တပ်မတော်မှာ ပါဝင်လှုပ်ရှားနေကြတဲ့ ရဲဘော်၊ ရဲမေ များ၊ လုပ်ဖော်ကိုင်ဖက်များ အားလုံးကို ပြည်တွင်းပြည်ပ၊ နိုင်ငံတကာမှာရှိနေကြတဲ့ ချင်း

အမျိုးသားပြည်သူများက ဂုဏ်ပြုလေးစား၊ ထောက်ခံအားပေးလျှက် ရှိကြောင်းကို ထပ်ဆင့်စကားပါး အပ်ပါတယ်။ ချင်းအမျိုးသားတပ်ဦး/တပ်မတော်ကို အဖက်ဖက်မှ နည်းလမ်းပေါင်းစုံနဲ့ အားပေးကူညီနေကြတဲ့ ပြည်သူလူထု၊ လူထုလူတန်းစား၊ အဖွဲ့အစည်းပေါင်းစုံ အပေါ်မှာလည်း ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်ကိုယ်စား ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဒီကနေ့ ကျွန်တော်တို့ရဲ့ (၂၇) နှစ်မြောက် တော်လှန်ရေးနေ့ အခမ်းအနားမှာ ပါဝင်ကြတဲ့ ရဲဘော်၊ ရဲမေများနဲ့ ကျွန်တော့် ရင်တွင်းခံစားချက်က တထပ်တည်းဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တတွေဟာ ချင်းအမျိုးသားအရေးအတွက်၊ ချင်းပြည် (Chinland) ကာကွယ်ရေးအတွက် အတူတကွ ပေးဆပ်နေကြတဲ့အတွက် ဖြစ်ပါတယ်။ ခံယူချက်သဘော တူညီကြပြီး စည်းလုံးညီညွတ်စွာနဲ့ အတူတကွ ပေးဆပ် ပါဝင်နေကြခြင်းဖြစ်ပါတယ်။

ရဲဘော်တို့ –

ကျွန်တော်တို့ လက်ထဲမှာကိုင်ထားတဲ့ ဒီလက်နက်တွေကိုကြည့်ရင်း (၂၇) နှစ်တာ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းကို ပြန်တွေးကြည့်ကြရအောင်

လက်နက်ကိုင်တော်လှန်ရေးက မှန်ပါသလား

ကျွန်တော်တို့ရဲ့ ပေးဆပ်မှုက မှန်ပါသလား

ကျွန်တော်တို့ရဲ့ တော်လှန်ရေးအခြေအနေက ဘယ်အထိရောက်နေသလဲ၊

ကျွန်တော်တို့ရဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ မှန်ကန်တဲ့အတွက် အခက်အခဲများစွာကို ဖြတ်သန်းပြီး (၂၇) နှစ်တိုင်အောင် ရပ်တည်လှုပ်ရှားနေခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးဆောင်နေတဲ့ နိုင်ငံများဟာလည်း တိုင်းပြည်နဲ့ လူမျိုးရပ်တည်နိုင်ရေးအတွက် တောင့်တင်းခိုင်မာတဲ့ တပ်မတော်ကို တည်ဆောက်ကြရတာပါပဲ။ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှစပြီး ကျွန်တော်တို့ ချင်းလူမျိုးများ လက်နက်ကိုင်ရတာဟာ သူများကို

တိုက်ခိုက်ဖို့ မဟုတ်ခဲ့ပါဘူး၊ ကိုယ့်လူမျိုး၊ ကိုယ့်နယ်မြေကို ကာကွယ်ဖို့သာ ဖြစ်ပါတယ်။ ရဲဘော်တို့အားလုံး ပေးဆပ်နေတာဟာ တန်ဖိုးရှိတဲ့၊ မွန်မြတ်တဲ့ ပေးဆပ်မှု ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ တော်လှန်ရေးက ဘယ်အခြေအနေမှာရှိသလဲ ဆိုတော့ ကျွန်တော်တို့တတွေဟာ နောင်တော်များရဲ့ ဆိုးမွေ၊ ကောင်းမွေကို ဆက်ခံရတာဖြစ်ပါတယ်။ ဒီကနေ့ အကောင်းဆုံး ရပ်တည်လှုပ်ရှားနေကြပြီး အနာဂတ်အတွက် ကောင်းမွေများကို ပေးဆပ်နေသူများ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂) ရက်နေ့ ပင်လုံစာချုပ်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စုပေါင်းတည်ထောင်ကြတာ ဖြစ်သလို၊ စုပေါင်းကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် ခေတ်အဆက်ဆက် အာဏာရရှိတဲ့ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခြင်းကို ပြုခဲ့ကြတာဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရလက်ထက်ကျမှ ငြိမ်းချမ်းရေးအတွက် သဘောတူညီချက်အဆင့်ဆင့်ကို လက်မှတ်ရေးထိုးနိုင်ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးဟာ ညီနောင်တိုင်းရင်းသားပေါင်းစုံ၊ ဒီမိုကရေစီအင်အားစုများနဲ့ မဟာမိတ်ပြု လက်တွဲလုပ်ဆောင်နေတဲ့ အဖွဲ့အစည်း ဖြစ်သလို ကျွန်တော်တို့ဟာ အထီးကျန်တဲ့အဖွဲ့အစည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်ဟာ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှာတန်းတူ ဦးဆောင်ပါဝင်ပြီး လက်ရှိသမ္မတ ဦးသိန်းစိန် အစိုးရနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ဖို့ လုပ်ဆောင်နေတဲ့အချိန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော် ကိုယ်စားလှယ်များပါဝင်တဲ့ (NCCT) နဲ့ အစိုးရ(UPWC)တို့ဟာ ၂၀၁၅ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့ကစပြီး ရန်ကုန်မှာ ဆွေးနွေးလျက် ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကုလသမဂ္ဂ ကိုယ်စားလှယ်၊ နိုင်ငံကြီးများရဲ့ကိုယ်စားများက အနီးကပ်လေ့လာလျက် ရှိနေပါတယ်။

ရဲဘော်တို့ –

ဒါဟာ ကျွန်တော်တို့ရဲ့ (၂၇)နှစ်တာ တော်လှန်ရေးရဲ့ အဆင့်ဆင့်အောင်မြင်မှုတွေ ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒါဟာ ရဲဘော်၊ ရဲမေတို့ရဲ့ ပေးဆပ်မှု၊ အနစ်နာခံ ရပ်တည် လှုပ်ရှားမှုတွေရဲ့ ရလဒ်တွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော် အနေနဲ့ (၂၇) နှစ်တာကာလကို ဖြတ်သန်းနိုင်ခြင်းဟာ အောင်မြင်ခြင်း အဆင့်တစ်ခုပဲ ဖြစ်ပါသေးတယ်။

ရဲဘော်တို့၊ ရဲမေတို့၊ လုပ်ဖော်ကိုင်ဖက်အပေါင်းတို့ –

ချင်းလူမျိုးနဲ့ ချင်းပြည်အတွက်၊ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နှုတ်ခွန်းဆက် အပ်ပါတယ်။

ထန်နန်လျန်းထန်
ဥက္ကဌ
ချင်းအမျိုးသားတပ်ဦး
၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

## မျိုးချစ်သားကောင်းတို့၏ စံပျော်ရာမြေ
### အပိုင်း(၁)

*ကိုငယ်*

(What are you doing?)
We are training
(For what purpose?)
To fight the foe.
(For whom?)
For the people.
(With what spirit?)
Iron spirit.
(Motto motto motto sing)
Fighting build up produce unity
The more sweating, the less blood shed
We shall defeat revolution

တတောလုံးတတောင်လုံး ဟိန်းပြီး စစ်သံစစ်မာန်နှင့်လှေ့ကျင့်သည့် နေရာသို့ ကျနော် ရောက်သွားရသည်မှာ ကမ္ဘာသစ်တခုကို ရောက်သွားသလို ခံစားရသည်။
မက်ခဲ့သည့်အိမ်မက်များ အကောင်အထည်ဖော်နေပြီလား၊ မိမိကိုယ်ကိုမယုံနိုင်အောင် ဖြစ်မိသည်။ ချင်းစကားများဖြင့် ရှင်းလင်းချက်များ၊ မာန်သံပါပါ မေးမြန်းချက်များ၊ တည်တည်ကြီးနဲ့ အမိန့်ပေးသံများသည် အကျွန်ုပ်အတွက်တော့ ----
အခြေခံစစ်သင်တန်းတက်ရန် စောင့်နေသူများအချို့သည် (၄)လခန့်ပင် စောင့်ရလေပြီ။ ထိုစဉ် ချင်းလဲန်းအနှံ့မှ မျိုးချစ်လူငယ်များသည် သက်ဆိုင်ရာဒေသအသီးသီးမှ တဖွဲဖွဲ ရောက်လာကြသည်။ လူသစ်ဆောင်တွင် နေရသည်။ တချို့ကတော့ ဘွဲ့ရ၊ တချို့က ဆယ်တန်းအောင်၊ တချို့က ရေးတတ်ဖတ်တတ်၊ တချို့က နာမည်ပင် မရေးတတ်တို့ဖြင့် အတန်းပညာအရာ၌ ကွာခြားနေလင့်ကစား အမျိုးအတွက် အသက်ပေးဆပ်ကြမည့် အရာတွင် တန်းတူဖြစ်နေလေသည်။ လူသစ်များအချင်းချင်း မိတ်ဆက်ကြပြီး ချင်းအမျိုးသား တပ်မတော်တွင် စစ်မှုထမ်းရသည့် ရည်ရွယ်ချက်များကို တစ်ဦးချင်းစီ မေးမြန်းကြသည့်

အခါတွင်လည်း မတူညီကြပေမယ့် နောက်ဆုံး ချင်းအမျိုးသားအတွက် ဆိုသည့်နေရာတွင် တူ နေပြန်သည်။ မည်သည့်အတွက်ကြောင့် ပေးဆပ်ရသည်ကို မေးမြန်းသည့်အခါတွင် ဖြေဆိုပုံ အမျိုးမျိုးရှိနေပါသော်လည်း ချင်းအမျိုးသားများ၏ ကံကြမ္မာအတွက် ဖြစ်သည် ဆိုသည့် နေရာတွင် အတူတူချည်း ဖြစ်နေပြန်သည်။ မည်မျှပေးဆပ်မည်နည်းဟု မေးမြန်း ပြန်လျှင်လည်း ဖြေဆိုပုံကွဲပြားနေပါသော်လည်း အသက်ပေးသည့်နေရာတွင် အတူတူ ဖြစ်နေပြန်သည်။ အတူတူ အမျိုးသားရေးအတွက် အသက်ပေးပြီး လုပ်ကြမည်ဟုသာ အားလုံး သဘောပေါက်ထားကြသည်။

ဌါနချုပ်တွင် သင်တန်းတက်ရန် စောင့်နေရင်း အထက် ဆရာသမားများက အရေးပေါ် သေနတ်ပစ်နည်း၊ ဖြုတ်၊ တပ်နည်း၊ နေရာယူနည်း၊ စကားဝှက်ပေးနည်းများ၊ အခြေခံလို အပ်ချက်များကို အလျဉ်းသင့်သလို သင်ပေးကြသည်။ သင်တန်းအောင်မြင်ပြီးသူများနှင့် အတူတကွ စစ်ကြောင်းထွက်ခြင်း၊ ကင်းစောင့်ခြင်း၊ ကင်းလှည့်ခြင်းများ မကြာမကြာလုပ်ရ သည်။ အဘယ့်ကြောင့်ဆိုသော် ရန်သူနှင့် အချိန်မရွေးထိပ်တိုက်ရင် ဆိုင်နိုင်သောကြောင့် ဖြစ်သည်။ နောက်ကျ ရောက်လာသည့် လူသစ်များကိုလည်း ထိန်းကျောင်းပေးခြင်း၊ လုပ် သင့်သည့် အလုပ်၊ သွားသင့်သည့်နေရာများ၊ စခန်းတွင်း စည်းကမ်းများကို သင်ပေးရ သည်။

မကြာမီ လူသစ်ဆောင်တခုသို့ ပြောင်းရွှေ့ရပြီး လူသစ်များကို ထိန်းကျောင်းရေးအတွက် တာဝန်ပေးခဲ့သည်။ ကျွန်တော်လည်း လူသစ်များကို စိတ်ဓါတ်မကျအောင် အတတ်နိုင်ဆုံး အားပေးရသည်။ ထို့ကြောင့် ဒေသတခုမှ လူသစ်များကို အတူမနေစေရန် ကြပ်မတ် ရတော့သည်။ လူသစ်များကို ဆံပင်ညှပ်ပေးခြင်း၊ ရေချိုးသွားစဉ် ဦးဆောင်ရခြင်း၊ ညအိပ် ရာမဝင်ခင် ဆုတောင်းဦးဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။

သင်တန်းစပြီ၊ သင်တန်းကွင်းအတည်တကျ မရှိသေးသောကြောင့် သင်တန်းကွင်းနေရာကို အရင်ဆုံးသစ်ပင်ခုတ်ပြီး ရှင်းလင်းရသည်။ ပေ ၁၀၀ ပတ်လည်ခန့်ရှင်းပြီး စတင်တူးရတော့ သည်။ တူးရင်းရှင်းရင်း သင်တန်းတက်ရင်း နံနက်တိုင်း ပီတီပြေးရသည်။ ပထမဦးစွာ

ထမင်းစားပန်းကန်အဖြစ် ဝါးပင်အနုကို မီးဖုတ်၊ အပြားလုပ်ကာ နံပါတ်တပ်ပြီး ပန်းကန်အဖြစ် အသုံးပြုရသည်။ ဟင်းရည်သောက်ခွက်ကိုမူ ဝါးကျည်တောက်ပုံစံ ၅ လက်မခန့် ဖြတ်ပြီး နံပါတ်တပ်ရသည်။ ၄င်းထမင်းစားပန်းကန်နှင့် သောက်ရေခွက်ကွဲပါက ချက်ချင်း အသစ်ခုတ်ပြီး လုပ်ယူမရပါ။ အသေအချာပြုလုပ်ပြီး ဆရာများထံသတင်းပို့ကာ နံပါတ် (သင်္ဘောဆေး)သုတ်ရန်အတွက် ကြိမ်ဒဏ်ငါးချက်အရိုက်ခံကာ ပြန်လည်မှတ်ပုံတင် ယူရသည်။ နံနက် ၄ နာရီအိပ်ယာထ ခရာမှုတ်ပြီးချင်း၊ စောင်စံနစ်တကျခေါက်ပြီး၊ အပေါ့အရင်ဆုံးစွန့်ကာ ညကတည်းက ကြိုတင်ဖြည့်ထားသော ရေအေးသောက် ဝါးကျဉ်တောက်ကိုယူပြီး သင်တန်းကွင်းသို့ ပြေးရသည်။ နံနက်အလွန်အေးသောအချိန် ဖြစ်ပေမယ့် ရေအေးသောက်ရသည့်အရသာမှာ အလွန်ကောင်းလှသည်။ ၂ လီတာခန့် ရှိမည်ထင်ရသည်။ အရင်ဆုံးတန်းစီ၊ တပ်စိတ်မှူးမှ လူစစ်ပြီး သင်တန်းဆရာက အမိန့်ပေးသည်နှင့်တပြိုင်နက် အပြိုင်မော့သောက်ရသည်။ ရေကုန်လျှင် ဝါးကျဉ်တောက်ကို ခေါင်းပေါ်တွင် မှောက်သွန်သည့် အနေအထားဖြင့် ကိုင်ထားရသည်။ သင်တန်းဆရာများမှ ဓါတ်မီးဖြင့် ရေသွန်မသွန်ကို စစ်ဆေးကာ တန်းဖြုတ်ခိုင်းလေ့ရှိသည်။ အချို့သည်ရေကို အပြင်သို့သွန်သည်ကို သင်တန်းဆရာများမှ မိလျှင် ရက်ရက်စက်စက် အရိုက်ခံရလေ့ရှိသည်။ တန်းဖြုတ်သည်နှင့် အိမ်သာသို့ အလုအယက် တက်ရတော့သည်၊ အိမ်သာကို အခန်းမခြားဘဲ၊ အဆောင်သဖွယ် ဆောက်လုပ်ထားသည်။ အမှတ်စဉ်အလိုက် တန်းစီရသည်။ မိနစ် ၂၀ အတွင်း အိမ်သာ မတက်ရသေးသူများလည်း ရှိသည်။ ထိုစဉ် သင်တန်း ဆရာများမှ ခရာသံပြင်းပြင်း မှုတ်ပြီးပြီးချင်း အိမ်သာသို့ ကြိမ်တုတ်ကြီးကိုင်ပြီး ဆင်းပြေးလာကြသည်။ ထိုစဉ် မည်သည့်ဖြေရှင်းချက်မှ ပေးရန်မလိုဘဲ ပီတီကွင်းသို့ပြေးရန်သာရှိသည်။ တချို့သည် ပီတီပြေးစဉ် ဗိုက်ထဲမှ ထွက်သောအသံသည် ကလုတ်ကလုတ်၊ တချို့က လေကန်ပြီး အီးပြင်းပြင်း ပေါက်သူကပေါက်၊ တချို့က ကျင်ကြီး/ကျင်ငယ် ပန်းထွက်သူကပန်း၊ ပီတီကွင်းမှမြင်ကွင်းတချို့ ဖြစ်သည်။ တချို့ ဟန်ဆောင်တတ်သောသူများက မခံနိုင်တော့သည့်ပုံစံဖြင့် ပီတီပြေးရင်း မှောက်လဲနေသည်ကို သင်တန်းဆရာတွေ့လျှင် သင်တန်းဆရာက ထိုလူ့ကြောပြင်ပေါ်တက်ပြီး တစ်မိနစ်ခန့် ရပ်သည်။ အသံမပြုတော့လျှင် အမှန်အကန် ဖြစ်နိုင်ချေရှိသည်ဟု ကောက်ချက်ချပြီး ပီတီကွင်းအပြင်သို့ ထွက်ခိုင်းသည်။ အဆောင်ပြန်ရန် မဟုတ်ပါ။ ကွင်းဘေးတွင်ရပ်ပြီး လေ့ကျင့်ခန်းကို ပြုလုပ်ရန်ဖြစ်သည်။ ခရာသံ၊ ပြေးလွှားသံ၊ သင်တန်း

ဆရာများ၏ ဆဲဆိုသံများ၊ အမိဌာန်ရွတ်ဆိုသံများ၊ ကြိမ်တုတ်ဖြင့် တဖောင်းဖောင်း ရိုက်သံများသည် ကာရံညီလှသည်။ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်သော တေးဂီတ နှင့် တူနေတော့သည်။

ပီတီပြေးပြီး သွေးပူလာပြီဆိုလျှင် ကာယလေ့ကျင့်ခန်း စတင်ပြုလုပ်ရတော့သည်။ နံနက် ၇ နာရီအထိ ပြုလုပ်ပြီး အဆောင်ပြန်ရသည်။ အဆောင်မရောက်ခင် သင်တန်းဆရာများ အချို့သည် သင်တန်းသားအဆောင်သို့ ကြိုတင်ရောက်နှင့်ပြီး သင်တန်းသားများ၏ အားနည်းချက်များ၊ အပြစ်အနာအဆာများကို ရှာကြံကြတော့သည်။ အိပ်ယာ၊ ဖိနပ်၊ ထမင်းပန်းကန်၊ သောက်ရေကျဉ်တောက်တို့ သူ့နေရာနှင့်သူ အစီအစဉ်ကျကျ ရှိမရှိကို စစ်ဆေးတော့သည်။ အမှားအယွင်းရှိသော တပ်စိတ်သည် တပ်စိတ်တခုလုံး အရိုက်ခံရသည်။ စစ်ဆေးမှုပြီးပြီးချင်း ထမင်းပန်းကန်ကိုယူပြီး ထမင်းစားရန် တန်းစီရတော့သည်။ အမိဌာန်များ သီဆိုခြင်း၊ သီချင်းဆိုပြီး ထမင်းကို စားရသည်။ တပ်စိတ်တစိတ်အတွက် စားရန် ဆား ၅ ဂရမ်ခန့်ကို ပေးသည်။ ကြိမ်အဖူးကို ဆန်ပြုတ်ချက်ပြီး စားရသည်။ ထမင်းလုံးမကျန်စေရန် စားပြီး ဆေးကြောကာ အဆောင်ပြန်ရသည်။ ထမင်းစားပြီး အဆောင်တွင်နားသည့် အခါတွင်လည်း စစ်သားပုံစံဖြင့်သာ ထိုင်ရသည်။ ကြောခင်းခြင်း၊ ထရံတွင် မှီပြီးထိုင်ခြင်း၊ လဲလျောင်းခြင်းများ ခွင့်မပြုပါ။ အဆိုပါ ပုံစံမျိုးဖြင့်ထိုင်သူများကို သင်တန်းဆရာများက တွေ့လျှင် နားချိန်တခုလုံးတွင် သစ်ကိုင်းပေါ်တွင် မျောက်လွဲကျော်ပုံစံဖြင့် တွဲလောင်း ချိတ်ခိုင်းလေ့ရှိသည်။ မလွယ်ကူလှပါ။ တချို့သည် ချွေးတဒီးဒီးကျပြီး တချို့သည် မျက်ရည် တပေါက်ပေါက်ကျသည်။ ရေကို မိမိကြိုက်သည့်အချိန်တွင် သောက်ခွင့်မရှိပါ။ ရေထိခွင့် မရှိပါ။ သုံးရက်တခါ ရေချိုးရသည်။ အလွန်အာဟာရ ချို့တဲ့တော့သည်။

ညစာကို ညနေ (၅)နာရီတွင် စားရသည်။ ထုံးစံအတိုင်း တပ်စိတ်လိုက်တန်းစီပြီး အမိဌါန် ရွတ်ဆိုပြီး ထမင်းကို သုံးဆောင်ရသည်။ တပ်စိတ်မှူးမှ ဟင်းကို ခွဲတမ်းချပေးပြီး စားသုံးကြသည်။ ထမင်းစားပြီး ဆေးလိပ် သောက်သူကသောက်၊ အနားယူကြသည်။ ည ဖ်း၃၀ နာရီတွင် lecture ပို့ချသည့် အချိန်ဖြစ်သည်။ သင်တန်းဆရာများနှင့် လူကြီးများအချို့က လာရောက်ပြီး သင်တန်းပို့ချကြသည်။ အမျိုးသားရေးဆိုင်ရာ၊ မြန်မာ့နိုင်ငံရေး အကြောင်း၊

စသည့် သက်ဆိုင်ရာဘာသာအလိုက် ပို့ချကြသည်။ တနေကုန် ပင်ပန်းနွမ်းနယ်ပြီး ညအချိန် သင်တန်းချိန်တွင် စိတ်ဝင်တစားနားထောင်ရန် မလွယ်ကူလှပါ။ တပ်စိတ်အလိုက်ထိုင်ရသည့်အတွက် တပ်စိတ်မှူးများတွင် တာဝန်ရှိနေသောကြောင့် မိမိအဖွဲ့သား ငိုက်မျဉ်းခြင်း မရှိစေရန် တာဝန်ယူရတော့သည်။ အိပ်ငိုက်နေသူကို ပါးရိုက်ခွင့်ပေးထားသောကြောင့် ကိုယ့်တပ်စိတ်အဖွဲ့သားများကို ပါးရိုက်ရသည့်ဒုက္ခကလည်း မသေးလှပါ။ ပါးအရိုက်ခံရသူထက် မအားမလပ်ပါးရိုက်နေရသည့် တပ်စိတ်မှူးက ပိုမိုပင်ပန်းလှသည်။ ဟောပြောချိန်ကို ၈ နာရီတွင် အဆုံးသတ်ပြီး အဆောင်သို့ပြန်ကာ ပုံမှန်လုပ်နေကျ အလုပ်များကို ပြန်လုပ်ရသည်။ မီးပုံဘေးတွင် ဝါးခွဲသူကခွဲ၊ ဖြတ်သူကဖြတ်၊ နှီးဖြာသူကဖြာ၊ ကိုယ်စီအလုပ် လုပ်ရသည်။ ည ၈း၄၅ နာရီတွင် အလုပ်နားခရာမှုတ်ပြီးသည်နှင့် တပြိုင်နက်ခါးတူများကိုသိမ်းပြီး ခြေလက်မျက်နှာဆေးကြောရသည်။ မနက်သောက်ရန် အဆင်သင့်ရေအေးဖြည့်ထားရသည်။ ဒုတပ်စိတ်မှူးမှ ၄င်းလုပ်ငန်းကို ဦးစီးလုပ်ဆောင်ရသည်။ ခရာပြင်းပြင်းမှုတ် lay down ပြောပြီး အိပ်ယာဝင်ကြရသည်။ ထိုအခါ သင်တန်းဆရာ (တပ်ရဲ) အဖွဲ့ရောက်လာပြီး ခြေလက်သန့်ရှင်းရေးကို လာရောက်စစ်ဆေးတော့သည်။ ဆရာများက ခြေထောက်အနံ့ဆိုးသူများကို ကြိမ်ဒဏ်များပေးပြီး ပြန်လည်ဆေးကြောစေသည်။ သန့်ရှင်းရေးစစ်ဆေးပြီး နောက်ဆုံးခရာ light Off တချက်မှုတ်ကာ အိပ်စက်ရတော့သည်။ တနေကုန်တနေခန်း မအားမလပ် အချိန်လုပြီး သင်တန်းတက်ရသည့်အတွက် မည်သည့်အရာကိုမျှ ထည့်သွင်းစဉ်းစားရန် အချိန်မရှိဖြစ်ရသည်။ အရာအားလုံး သင်တန်းဆရာများ၏ လက်ထဲတွင်သာရှိသည်။

ကြမ်းတမ်းလှသည့် ဖြစ်စဉ်အရ သင်တန်းသားတိုင်း ခံနိုင်ရည်ရှိလာကြသည်။ စိတ်ဓါတ်ရေးရာ မာကြောလာသည်။ မိမိတဦးကြောင့် တဖွဲ့လုံး ဒုက္ခမရောက်စေလိုသည့် ယောကျ်ားပီသသည့်စိတ်များ အလိုလိုမွေးဖွားလာသည်။ အများကိုယ်စား မိမိတစ်ကိုယ်တော် ခံရဲသည့် စိတ်ဓါတ်များလည်း ပေါ်ပေါက်လာပေသည်။ ၂၄ နာရီလုံး မိမိ၌ တာဝန်ရှိကြောင်းသိလာကြသည်။ ရှေ့တန်းစစ်မျက်နှာနှင့် နောက်တန်းစစ်မျက်နှာ နှစ်ခုစလုံး၏ အရေးပါမှုများ ပိုမိုနားလည်လာကြသည်။ သတိအမြဲရှိလာသည်။ ဝိရိယအမြဲရှိလာသည်။ ရှေ့တန်းစစ်မြေပြင်တွင် ၄င်းထက် ပိုမိုခက်ခဲမည်ကိုလည်း သိလာကြသည်။ ခွင့်ပြုချက်မရှိဘဲ မည်

သည့်အရာကိုမျှ မပြုလုပ်လိုသည့် နာခံတတ်သော စိတ်များရှိလာသည်။ မိမိ၏ အကျိုးအမြတ်ကို ရယူလိုစိတ် လျော့ကျလာသည်။ သူတပါးအတွက်ဟူသော စိတ်ဓါတ် ရှိလာသည်။ မရှိရာမှရှိရာသို့ဆိုသည့် တော်လှန်ရေးဆောင်ပုဒ်ကို သင်တန်းအတွေ့အကြုံအရ သိရှိလာသည်။ မိမိ၏ အရေးပါမှုများ သိလာသည်။

တခါတလေ သင်တန်းသားတခုလုံး ငါးရှာထွက်ရသည်။ ပိုက်၊ ကွန်၊ မိုင်း၊ ငါးဖမ်းကိရိယာအစုံရှိသည်။ လက်ဖြင့် အစိမ်းသက်သက် ငါးဖမ်းရသည်။ ရေထုံးတခုတွင် ရှိသည့်သင်တန်းသား (ဆံ့သလောက်) ခုန်ပြီးရေဆော့ရသည်။ ဆယ်မိနစ်ခန့် ကြာသောအခါ ရေသည်နောက်တက်လာသည်။ အချိန်အခါမဟုတ်ဘဲ ရေနောက်လာသောကြောင့် ငါးများသည်လည်း မူးရူးပြီး ရေပေါ်တွင် ပေါလောပေါ်တော့သည်။ ထိုစဉ် လိုက်လံကောက်ရန်သာ ရှိတော့သည်။ သင်တန်းတက်ရသည့်ကာလသည် ၃ လရှိပြီး သင်တန်းသားများ အထင်အရ ၃ နှစ်ခန့်ကြာမြင့်မည်ဟု ထင်ရသည်။

သင်တန်းဆင်းပွဲ (သင်တန်းကွင်း)ကို အနီးအနားရှိကျေးရွာများမှ ပြည်သူလူထုများမှ လာရောက် အားပေးကြသည်။ နွား၊ ဝက်များဖြင့် လာရောက်အလှူလုပ်ကြသည်။ အားကစားပေါင်းစုံကို ရွာအလိုက်သော်လည်းကောင်း သင်တန်းတပ်ခွဲအလိုက်သော်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

သင်တန်းဆင်းပြီး ဌါနချုပ်ဖက်သို့ ပြန်လည်ချီတက်ရသည်။ လမ်းခရီးသည် တောလမ်းတောင်လမ်းတွင် ဖြတ်ရသောကြောင့် ကြာမြင့်သည်။ ဌါနချုပ်သို့ရောက်ပြီး သင်တန်းဆောင်တွင်သာ နေရာချထားခံရသည်။ နောက်တနေ့တွင် သင်တန်းဆင်းပွဲကို အကြီးအကျယ် ကျင်းပရတော့သည်။ ဌါနချုပ်ရောက်သောအခါ စီနီယာရဲဘော်များနှင့် ပြန်လည် တွေ့ဆုံခွင့်ရတော့သည်။ ထမင်းအဝစားရတော့သည်။ ဆေးလိပ်အဝ သောက်ခွင့်ရတော့သည်။ လက်ဖက်ရည်သောက်ခွင့် ရတော့သည်။ ဆီနီယာရဲဘော်များမှလည်း အလိုက်သိသိ စားစရာသောက်စရာများကို ဝေခြမ်းပေးကြသည်။ မည်သို့ပင် အိပ်စက်အနားယူစေကာမူ အိပ်ရေးဝသည်ဟူ၍ မရှိပါ။ အစား ဘယ်လောက်စားစား အာသာ

မပြေပါ။ ဆီနီယာရဲဘော်များကလည်း အလိုက်သိပေးကြသည်။ မကြာမီ အားအင်ပြန်လည် ပြည့်ဖြိုးလာတော့သည်။

သင်တန်းဆင်းပွဲကို ဗဟိုဌါနချုပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ စစ်ကြောင်းအလိုက် အလေးပြုခြင်း၊ စံပြဆုရသူများ၊ ဆေးမစားဆုရသူများကိုလည်း ဆုချီးမြှင့် ပေးကြသည်။ အခမ်းအနားပြီးဆုံးပြီးသည်နှင့် တန်းစီပြီး ကိုယ်ပိုင်နံပါတ်များကို စခန်းမှူးက ကြေညာတော့သည်။ တဆက်တည်းပင် သင်တန်းဆင်းရဲဘော်များ၏ တာဝန်ကျရာတိုင်း၊ ဌါနများကို ကြေညာသည်။ တန်းဖြုတ်ပြီး မိနစ် (၃၀)ခန့်တွင် မိမိတာဝန်ကျသည့် နေရာ စုရပ်သို့ စုရတော့သည်။ သင်တန်းဆင်းရဲဘော်များ၏ လမ်းခွဲခြင်းပင်ဖြစ်တော့သည်။ တပတ်အတွင်း စစ်တိုင်းများသို့ တာဝန်ကျသူများသည် မိမိတိုင်းဌာနရှိရာသို့ ထွက်ခွာခဲ့ရသည်။ တချို့အတွက်မှာမူ ထာဝရ လမ်းခွဲခြင်းဖြစ်တော့သည်။

(အပတ်စဉ်– ၁၂ အခြေခံစစ်သင်တန်းကွင်းမှ အဖြစ်အပျက်များကို ခံစား တင်ပြသည်)

၀၀၀

## ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက် ပန်းတိုင်

(၁) အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊

(၂) ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည် ရရှိရန်၊

(၃) ဒီမိုကရေစီစံနစ် ထူထောင်ရန်၊

# ခမ်းပတ်ညောင်ပင်နှင့် ၄င်း၏ နောက်ခံသမိုင်း

✍ ပူးထတ်ဆဝ့်

ကျွန်တော်သည် ခမ်းပတ်ညောင်ပင်ကြီး (Khampat Bungpui) အကြောင်းကို အလယ်တန်းကျောင်းသားဘဝမှစ၍ သိရှိခဲ့ဖူးပါသည်။ သိရှိပုံမှာလည်း (RAMTHAR) ခေါ်သည့် BURMA LUSHAI WELFARE ORGANIZATION ( BLWO )ခေါ် မြန်မာပြည်လူရှိုင်းသာရေးနာရေး အသင်းချုပ်၏ အာဘော်ဖြစ်ကြောင်းကို တက္ကသိုလ်ကျောင်းသားဘဝတွင်မှ သဘောပေါက်သိရှိခွင့်ရခဲ့ပါသည်။ RAMTHAR သတင်းစာ ရှေ့မျက်နှာဖုံးထိပ် RAMTHAR ဟူသော ခေါင်းစီးအောက် အလယ်တည့်တည့်တွင် အရိပ်သာယာအေးမြဘွယ်ရှိသည့် ခက်မလေးသွယ် အပြင်၊ ၄င်းခက်မလေးသွယ်အသီးသီးတွင် မြစ်ပုံများ စွေချထားသည့် ညောင်ပင်တစ်ပင် ဘလောက်ရုပ် ပါရှိသည်ကို တွေ့ရပါသည်။

ခမ်းပတ်ညောင်ပင်ကြီး အကြောင်းနှင့်ပတ်သက်၍ Pu B. Lalthangliana တင်ပြပုံကို ကိုးကားဖော်ပြပါမည်။ Pu B. Lalthangliana သည် သူ၏ MIZO CHANCHIN (A Short Account & Easy Reference of Mizo History, pg.7-12) တွင် အကျယ်တဝန်း စီကုံးရေးသားထားပါသည်။ အထက်ပါ စာအုပ်အပြင် Pu B. Lalthangliana သည် မဟာဝိဇ္ဇာဘွဲ့ ရယူရန်အတွက် History of Mizos in Burma အားပြုစုခဲ့ရာ ထိုသမိုင်းတွင်လည်း ယခုတင်ပြသည့်အတိုင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ဓမ္မဆရာ ဦးဒင်းကူးငါ (နောင်သိက္ခာတော်ရ)၏ မှတ်တမ်းအရ၊ ၁၉၃၆ ခုနှစ်တွင် ၄င်း ညောင်ပင်ကြီး ရှိရာနေရာတွင် ကိုယ်တိုင်သွားရောက်တွေ့မြင်ခဲ့ကြောင်းနှင့်၊ ပင်စည် ၁၂ လံမျှ ရှိကြောင်း၊ ခက်မနှစ်ဖြာသည် တောင်ဖက်နှင့်အရှေ့ဖက်တို့သို့ ထိုးထွက်ကြောင်းအပြင်၊ မြစ်ပုံများပါ စွေချထားကြောင်း ဖော်ပြထားပါသည်။ ဦးဒင်းကူးငါ၏ မှတ်တမ်းတွင် ၄င်း ညောင်ပင်အား လူရှေအမျိုးသားများက အမိဋ္ဌာန်ဖြင့် စိုက်ခဲ့ကြခြင်းဖြစ်ပြီး၊ ၄င်းညောင်ပင်၏ အကိုင်းအခက်များ မြေသို့ထိသည့်တိုင် ညွှတ်ကျလာသည့်အခါ၊ ထိုနေရာသို့ ပြန်ရောက်နေထိုင်မည်ဟု သစ္စာဆိုခဲ့ကြကြောင်း မှတ်သားခဲ့သည်ဟု Pu B. Lalthangliana က ဖော်ပြထားပါသည်။ တိုင်းရင်းသားပုံပြင်များ ရေးသားပြုစုသူ ဆရာကြီးလူထု ဦးလှကလည်း ဤအချက်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။ "ရှေးလူရှေလူမျိုး သက်ကြီးဝါကြီး ပုဂ္ဂိုလ်များသည်၊ ခမ်းပတ်ရှိမြို့ရိုးတခု၏ အလယ်ဗဟိုတွင် ညောင်ပင်တပင်စိုက်ကြသည်။

အဓိပ္ပါယ်ရှိရှိ စိုက်ကြခြင်း ဖြစ်သည်။ အကိုင်းများမြေကိုထိသောအခါ ဟိုအရပ်၊ သည်အရပ်သို့ ပြောင်းရွှေ့နေထိုင်ကြသော လူရှေလူမျိုးများ၊ ဤ ခမ်းပတ်ဒေသသို့ ပြန်ရောက်ကြစေသတည်းဟု အဓိဋ္ဌာန်ပြုကာ စိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည် ''ဟူ၍ ဖော်ပြထားပါသည်။

ဤ ခမ်းပတ်ညောင်ပင်၏ နောက်ခံသမိုင်းနှင့်ပတ်သက်၍ Pu B. Lalthangliana က အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။ '' ကဘော်ချိုင့်ဝှမ်းဒေသကိုလု၍ မြန်မာမင်းများနှင့် မဏိပူရ(ကသည်း) စော်ဘွားများ မကြာခဏ စစ်တိုက်လေ့ရှိကြကြောင်း၊ ထို့ကြောင့် ကုန်းဘောင်ခေတ် မြန်မာဘုရင်များက မဏိပူရရန်မှကာကွယ်ရန် ရာထူးရာခံ ပုဂ္ဂိုလ်များ စေလွှတ်ခန့်ထားခဲ့ကြသည်'' ဟုဆိုပါသည်။ ဤအဆိုနှင့်ပတ်သက်၍ ထပ်ဆင့်တင်ပြရန်ရှိလာပါသည်။ ၄င်းမှာ နာမည်ကျော်စာရေးဆရာမ ဒဂုံခင်ခင်လေး၏ စာဆိုတော် ဟူသော ဝတ္ထုတွင် ရတနာပုံမန္တလေးနန်းတွင်းရေးကို နောက်ခံပြုရေးသား ချယ်မှုန်းခဲ့ပါသည်။ ကုန်းဘောင်မင်းဆက် နှောင်းပိုင်းကာလများတွင် မင်းကြီး ( ၈ ) ဦးရှိခဲ့ရာ ၄င်းတို့မှာ –

၁။ ကင်းဝန်မင်းကြီး ဦးကောင်း

၂။ ခမ်းပတ်မင်းကြီး ဦးရွှေမောင်

၃။ တိုင်တားမင်းကြီး

၄။ ပုခန်းမင်းကြီး

၅။ ယောမင်းကြီး ဦးဖိုးလှိုင်

၆။ ရေနံချောင်းမင်းကြီး

၇။ ရွှေပြည်မင်းကြီး

၈။ လောင်းရှည်မင်းကြီး

တို့ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့စွယ်စုံကျမ်း (အတွဲ ၂၊ စာမျက်နှာ ၃၂၆–၃၂၈)တွင်လည်း တွေ့ရှိနိုင်ပါသည်။ ခမ်းပတ်မင်းကြီးသည် သီပေါမင်းလက်ထက်တွင် သတိုးမင်းကြီး မဟာမင်းခေါင်ဥဇနာဘွဲ့ဖြင့် အပါးတော်မြဲ မင်းမှုထမ်းရင်း ဗိုင်းဝန်ရာထူးကိုပါ ချီးမြှင့်ခြင်းခံခဲ့ပါသည်။ ပထမ အင်္ဂလိပ်– မြန်မာစစ်တွင်လည်း မဟာဗန္ဓုလနှင့်တွဲပြီး ဗိုလ်မှူးရာထူးဖြင့် တိုက်ပွဲဝင်ခဲ့သူဖြစ်သည်ဟု သိရသည်။

ယွှင်ရှမ်းစော်ဘွားများ ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းလာပြီး၊ မြို့ပြတည်ထောင်ချိန်တွင်၊ စောညီခမ်းက ခမ်းပတ်မြို့ကိုလည်းကောင်း၊ စောခမ်းတီက တင်သာမြို့ကို လည်းကောင်း၊ စောမိုင်းခမ်းက ကလေးမြို့ကိုလည်းကောင်း၊ တည်ထောင်အုပ်ချုပ်ခဲ့ကြကြောင်း နွယ်ပတ်ရာဇဝင်အရ သိရှိရသည်ဟု Pu Zaruma က ၄င်း၏ Thurobu စာမျက်နှာ ၁၈ တွင်

ဖော်ပြထားပါသည်။ ခမ်းပတ်ဟူသော ဝေါဟာရစကားလုံးမှာ ချင်းဘာသာစကား မဟုတ်ဘဲ၊ ရှမ်းဘာသာစကားလုံး 'ရွှေပုတီး' ဖြစ်ကြောင်းသိရသည်။ သို့ပင်ငြား စာရေးသူ အနေဖြင့်မူ ရှမ်းစော်ဘွား စောညီခမ်း တည်ထောင်သော မြို့ဖြစ်သောကြောင့်၊ ခမ်းပတ် ဟု အမည်တွင် လေမည်လားဟု စောကြောမိပါသည်။ Pu Zaruma က နှံ့စပ်သေချာစွာ ၄င်းပေစာ မူနွယ် ပတ်ရာဇဝင်အား ဖတ်ရှုလျှင် ပိုမိုသိနိုင်ကောင်းမည်ဟုလည်း သုံးသပ်မိပါသည်။

ခမ်းပတ်ညောင်ပင်ကြီးနှင့်ပတ်သက်ပြီး လူထု ဦးလှ၏ အဆိုအမိန့်ကို ဆက်လက် ဖော်ပြသွားပါမည်။ " ညောင်ပင်သည် တနှစ်ထက်တနှစ် ကြီးကြီးလာသည်။ ၁၉၁၄ ခုနှစ်တွင် ရောမ ညောင်ပင်ကြီးဖြစ်လာသည်။ အပင်ကြီးမှာ ဝိုင်းပြီး အကိုင်းများလည်း ညွတ်လာသည်၊ မြေကြီးနှင့်ကား မထိသေးပေ။ ထိုအချိန်မှစ၍ ရပ်ဝေးဒေသတွင် သွားရောက်နေထိုင်ကြသော လူရှေအမျိုးသားများ ခမ်းပတ်ဒေသတဝိုက်သို့ တစတစ ပြောင်းလာကြသည်။ ညောင်ပင်ကြီး ၏ အကိုင်းများသည် ပို၍ပို၍ ညွတ်လာပြီး၊ နောက်ဆုံးတွင် မြေကြီးနှင့် ထိတော့သည်။ လူရှေ အမျိုးသားများလည်း ခမ်းပတ်ရွာဒေသသို့ ပို၍ပို၍ ပြောင်းရွှေ့လာကြသည်"ဟူ၍လည်း ကောင်း၊ " ၁၉၅၂ ခုနှစ်တွင် ထိုအထင်ကရ ညောင်ပင်ကြီးမှာ မိုးကြိုးခ၍ သေသွားသည်။ ထိုအခါ လူကြီးသူမများက ညောင်ပင်ကြီးသည် ရှေးလူကြီးများ အဓိဋ္ဌာန်ဖြင့် စိုက်ထားခဲ့ သည့်အတိုင်း တာဝန်ကျေကျေ ထမ်းဆောင်သွားခဲ့ပြီ၊ တို့ လူရှေအမျိုးသားများလည်း ယခုအခါ ခမ်းပတ်ရွာတဝိုက်သို့ များများပြန်လည်ရောက်ရှိလာကြပြီး ရွာများတည်ကာ နေထိုင်ကြပြီ။ ထို့ကြောင့် ညောင်ပင်ကြီး၏ အလုပ်တာဝန်များ ပြီးဆုံးပြီဟု ဆိုကြသည်" ဟူ၍လည်းကောင်း တွေ့ရပါသည်။ ဆရာကြီး လူထုဦးလှသည် မြန်မာနိုင်ငံ တိုင်းရင်းသားများ ၏ ပုံပြင်များကို လိုက်လံစုဆောင်း ရေးသားပြုစုပြီး၊ ပုံနှိပ်ထုတ်ဝေခဲ့သူဖြစ်သည်။ လူရှေပုံပြင် များကို ရေးမှတ်စုဆောင်းရင်းဖြင့်၊ လူရှေသမိုင်းစာအုပ်ကလေးကိုပါ ရေးသားထုတ်ဝေခဲ့ရာ ၄င်း လူရှေသမိုင်းစာအုပ်ထဲမှ အထက်ပါ အချက်အလက်များအား ကောက်နုတ်တင်ပြလိုက် ရခြင်း ဖြစ်ပါသည်။

ခမ်းပတ်ညောင်ပင်ကြီးအား မည်သည့် ခုနှစ်သက္ကရာဇ်တွင် မည်သူက ဦးဆောင် ဦးရွက်ပြုပြီး စိုက်ခဲ့သည်ဆိုသည်ကို မည်သူမျှတပ်အပ်သေချာစွာ မပြောနိုင်တော့ချေ။ တကျောင်း တဂါထာ၊ တရွာတပုဒ်ဆန်း ဆိုသည့်အလား၊ ခမ်းပတ်ညောင်ပင်အကြောင်း ရေးသားသည့် ပုဂ္ဂိုလ်တို့၏ တင်ပြပုံချင်းလည်း မတူညီကြပေ။ Pu Lalmawia က Pu Haa ဟူ၍လည်ကောင်း၊ Pu C. Rosiama က Pu Puha ဟူ၍လည်းကောင်း၊ Pu Hranglien

Songate က Luopui ဟူ၍လည်းကောင်း၊ အသီးသီး တကွဲတပြားစီ ရေးသားကြသည်ကို တွေ့ရပါသည်။ မည်သို့ပင် ကွဲပြားစေကာမူ၊ ၄င်း ခမ်းပတ်ညောင်ပင်ကြီးသည် ချင်းလူမျိုးများ အုပ်စုကွဲခါနီး အမှတ်တရ စိုက်ခဲ့ကြသည့် အထိမ်းအမှတ် တစ်ခုဖြစ်မည်ဟု ယူဆပါက မှားအံ့ မထင်ပါ။

ဤခမ်းပတ်ညောင်ပင်ကြီးနှင့် ပတ်သက်၍ မေးခွန်းများ တစ်သီတစ်တန်းကြီး ပေါ်ပေါက်လာပါသည်။

၁။ ညောင်ပင်ကြီးသည် နှစ်ပေါင်း မည်မျှကြာ ရှင်သန်မည်နည်း။

၂။ ရှမ်းများကဘော်အရပ်သို့ ရောက်မလာမီ စိုက်နှင့်ခဲ့ပြီလား သို့မဟုတ် ရှမ်းစော်ဘွား စောညီခမ်း ခမ်းပတ်မြို့ကို တည်ထောင်ပြီးမှ စိုက်ခဲ့လေသလား။

၃။ ခမ်းပတ်ဟူသော စကားလုံးသည် ရှမ်းဘာသာစကားလုံး ဖြစ်နေခြင်းသမိုင်း နောက်ခံ အတိအကျ ဖော်ထုတ်ရန်လို မလို။

အထက်ပါ မေးခွန်းများအပေါ် ဆွေးနွေးသွားပါမည်။ မေးခွန်းနံပါတ် (၁)အား ရုက္ခဗေဒပညာရှင်များ အဆိုအရ ညောင်ပင်တစ်ပင်သည် နှစ်ပေါင်း ၈၀၀–၁၅၀၀ ကြာ ရှင်သန်နိုင်သည်ဟု ဆိုပါသည်။ Pu Thangkhangin ၏ Eimi Tenna Mun Masa ဆောင်းပါးအရ ကဘော်ချိုင့်ဝှမ်းသို့ ချင်းလူမျိုးတို့ ခရစ်သက္ကရာဇ် ၈၀ ခန့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။ စာဒကတက်ဘွယ်အချက်မှာ ၄င်းအေဒီ ၈၀ မှာ သုညတစ်လုံးများ ကျန်ရစ်ခဲ့လေသလား၊ ၄င်း အေဒီ ၈၀ သည် ပကတိပင်လား၊ ခွဲခြားသိသာရန် လိုလာပါသည်။ စာရေးသူအနေဖြင့်မူ–

၁။ အေဒီ (၈၀) မဟုတ်ဘဲ အေဒီ (၈၀၀) က မှန်ကန်လိမ့်မည်ဟု ထင်ပါသည်။ အကြောင်းမှာ ဆောင်းပါးတစ်ခုလုံးအား ခြုံငုံဆန်းစစ်လိုက်လျှင် ပုဂံခေတ် မြန်မာမင်းများအကြောင်း မိုးကောင်း ရှမ်းဘုရင်နှင့် မဏိပူရ(ကသည်းမင်း)များ ဆက်ဆံရေးမပြေပြစ်မှု အကြောင်းတို့ ပါရှိနေသောကြောင့်ပင်။ ( ဆောင်းပါးပါ သက္ကရာဇ်ကိုသာ ဆိုလိုသည်။ အကြောင်းအရာကို မဆိုလိုပါ)

၂။ နန်ချောင် ( ရှမ်း ) နိုင်ငံပြိုကွဲသည့် ( အေဒီ ၁၃ ရာစု )နောက်ပိုင်း ရှမ်းစဝ်ဖ ( မြန်မာ အသံထွက် စော်ဘွား ) တစ်ချို့သည် ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းလာရာ မိုးကောင်း၊ မိုးညှင်း၊ ဝန်းသို၊ ခမ်းပတ်၊ ခမ်းတီး၊ သောင်သွတ်၊ ကလေး၊ တင်သာ စသည်တို့တွင် အသီးသီးမြို့ပြ

တည်ထောင် အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။ ဤကာလတွင် ချင်းအများအပြားမှာ ၄င်း ကဘော် ဒေသကို စွန့်ခွာနင့်ပြီဖြစ်၍ အဘယ်ကြောင့် ခမ်းပတ် ဟူသောအမည်ကို သုံးလေမည်နည်း။ စဥ်းစားရ အလွန်ခက်ခဲပါသည်။

၃။ အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ခမ်းပတ်ဟူသောစကားလုံး၏ အနက်အဓိပါယ်နှင့် ပါတ်သက်၍ ချင်းလူမျိုးများက အမြတ်တနိုးတန်ဖိုးထားသည့် ညောင်ပင်အား အဘယ်ကြောင့် ရှမ်းအမည် ပေးထားပါသနည်း။ ရွှေပုတီး (သို့မဟုတ်) စောညီခမ်း နှင့်ပတ်သက်၍ ၄င်းအမည် ဖြစ်ပေါ်လာပုံကို သုတေသနပြုရန် လိုလာပြီဖြစ်သည်။

ရှေးကစိုက်ခဲ့သည့် ညောင်ပင်ကြီးကား မရှိတော့ပြီ။ ယခုတဖန် ပေါ်ပေါက်လာသည့် ညောင်ပင်မှာ လူစိုက်သည့် ညောင်ပင်ဖြစ်ဟန်မတူပေ။ တစ်ချို့လူများက ၄င်းသေခဲ့ပြီးသော ညောင်ပင်ကြီး၏ မြစ်တက်ပေါက် သော်လည်းကောင်း၊ မြစ်ပျံပေါက်သော်လည်းကောင်း ဖြစ်မည်ဟု ယူဆကြသည်။ ယခုလက်ရှိညောင်ပင်သည် ယခင်ညောင်ပင်နှင့် မတူသည့်အချက်မှာ အကိုင်းအခက်စုပိုင်းခြင်း မရှိတော့ဘဲ၊ ကြဲပြီး ကားထွက်နေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သမိုင်းသုတေသနသုံး ကိရိယာ၊ တန်ဆာပလာများဖြင့် လေ့လာနိုင်ပါက၊ ခမ်းပတ်အနီးတဝိုက်ရှိ သမိုင်းပစ္စည်းများအား ရှာဖွေစုဆောင်းပြီး၊ စမ်းသပ်စူးစမ်းလျှင် အဖြေမှန် ပေါ်ထွက်လာမည်ပင် ဖြစ်သည်။

၀၀၀

**ဤစာစောင်တွင် ဖော်ပြထားသော ဆောင်းပါးများသည် စာရေးသူတစ်ဦးချင်းစီ၏ အမြင်အာဘော်များသာ ဖြစ်သည်။**

မိတ်ဆွေများ၏ ဝေဖန်အကြံပြုချက်များကို နွေးထွေးစွာ ကြိုဆိုလျှက် ရှိပါသည်။

cnfinfo88@gmail.com
**www.chinland.org**

# ပင်လုံ၏ ကျိန်စာ

(ဇူလိုင်လမှ အဆက်)

✍ **Salai Kipp Kho Lian**

## ပင်လုံစာချုပ်၊ လူ့အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

လူ့အခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် တို့ဟူသည်မှာ တစုံတဦးတယောက်က ပေးအပ်မှ ရရှိသည့်အရာမျိုး မဟုတ်ပါ။ ဘယ်သူကမှ အခွင့်ထူးတခုလို၊ အထူးဆုပေးသလို ပေးစရာ မလိုပဲ လူသားမှန်လျှင်၊ လူမျိုးတမျိုးမှန်လျှင် မွေးရာပါရှိပြီးသား အခွင့်အရေးများသာ ဖြစ်ပါသည်။ သဘာဝအရ မွေးရာပါရရှိသည့် လူ့အခွင့်အရေး (ဝါ) လူတိုင်းမရမဖြစ် ရကိုရရမည့် အခွင့်အရေး (Rights) သာလျှင်ဖြစ်ပါသည်။ ဘယ်သူဘယ်ဝါကမှ ရော့အင့်ဆိုကာ အပေါ်မှချပေးသည့် ကိစ္စမျိုး (grant) မဟုတ်ပါ။ စာချုပ်အရဖြစ်စေ၊ အခြေခံဥပဒေထဲတွင် ဖြစ်စေ၊ ၄င်း Rights များကို ကဗျည်းအက္ခရာတင်သည့် အခါတွင်လည်း ၄င်းအခွင့်အရေးများသည် စေတနာနဲ့ "ပေးအပ်" လာသည့် အခွင့်အရေးမျိုးမဟုတ်ပဲ နဂိုမူလ လူတိုင်းမရမဖြစ် ရကိုရရမည့် အခွင့်အရေးကို အပြန်အလှန် အသိအမှတ်ပြု လိုက်ကြသည့် သဘောသာဖြစ်သည်။ ဆိုလိုသည်မှာ ဒီမိုကရေစီအခွင့်အရေးများ၊ လူ့အခွင့်အရေးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်တို့မှာ ပေးအပ်သူနှင့် လက်ဝေခံ ရရှိသူဟူ၍ ကျေးဇူးရှင်နဲ့ကျေးဇူးခံ ကျေးဇူးစားဆိုတာမျိုး မရှိပါ။ စာချုပ်အရဖြစ်စေ၊ အခြေခံဥပဒေနှင့် ပြဋ္ဌာန်းပြီးဖြစ်စေ ယင်းနဂိုရှိရင်းစွဲ အခွင့်အရေးများကို သက်ဆိုင်သူအားလုံးက သဘောတူ လက်မှတ်ရေးထိုး လိုက်ကြသည့်အခါတွင်၄င်း၊ အခြေခံဥပဒေ အားဖြင့် ပြဋ္ဌာန်းသည့် အချိန်တွင်၄င်း၊ သက်ဆိုင်သူအသီးသီးသည် တူညီသည့် ဘုံအကျိုးစီးပွားအတွက် သဘောတူလိုက်ကြသည်သာ ဖြစ်ပါသည်။

ပင်လုံကို ဥပမာအားဖြင့် ပြောရရင် ပင်လုံစာချုပ်ကို သဘောတူလက်မှတ် ရေးထိုးလိုက်ကြသည့်ကိစ္စမျိုးတွင် လက်မှတ်ရေးထိုးသူ ဘယ်အစုအဖွဲ့ကဖြင့် နစ်နာဆုံးရှုံးသွားသည်၊ ဘယ်အစုအဖွဲ့ကဖြင့် ပေးလိုက်ရသည်၊ ဘယ်အဖွဲ့ကဖြင့် အမြတ်ထွက်သွားပြီး၊ ဘယ်အစုအဖွဲ့ (partner) ကတော့ဖြင့် အနစ်နာခံလိုက်ရသည်၊ ဆုံးရှုံးသွားသည်၊ ဆိုသည်မျိုး မရှိပဲ၊ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးသူ ရှမ်း၊ ချင်း၊ ကချင်၊ ဗမာ အားလုံးတို့

သည် အကျိုးတူ ပူပေါင်းခြင်း၊ တဦး၏နဂိုရှိရင်းစွဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အစရှိသည့် Rights များကို အပြန်အလှန် အသိအမှတ်ပြုပြီး ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသစ်တခုကို အတူတကွ ထူထောင်ကြမည်ဟု ကတိကဝတ်ပြုခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ပြည်နယ် ဖြစ် လာသည့် ဒေသများကလည်း ပင်လုံစာချုပ်ရှိခဲ့၍၊ ပင်လုံပူးပေါင်းရေးမှု နှင့်အတူ ပါရှိသည့် တန်ဘိုးများကို ယုံကြည်၍ ပင်လုံကို ဆက်လက် အတည်ပြုသွားသည့် သဘောပင် ဖြစ်ပါ သည်။

ယင်းကဲ့သို့ ပင်လုံစာချုပ်သည် အားလုံး၏ ဘုံအကျိုးကျေးဇူးကို ရှေ့ရှုပြီး ရေး ထိုးလိုက်ကြသည့်အတွက် ချက်ချင်းလက်ငင်း ခံစားကြရသည့် ဘုံအကျိုးကျေးဇူးမှာ ဗြိတိသျှ ကျွန်သဘောက်ဘဝကနေ အတူတကွ လွတ်မြောက်ကြပြီး ချင်း၊ ရှမ်း၊ ကချင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ကယား၊ အားလုံး အတူတကွ လိုလားတောင့်တကြပြီး အသက်များ ပေးဆပ် တိုက်ပွဲဝင်ခဲ့ကြရသည့် လွတ်လပ်ရေးကို ချက်ချင်းလက်ငင်း ရရှိလိုက်ခြင်းဖြစ်ပါ သည်။ ရေရှည်ရရှိခံစားရမည့် ဘုံအကျိုးစီးပွား အနေနဲ့ကတော့ ပင်လုံစာချုပ်တွင်ပါရှိသည့် အခြေခံလူ့အခွင့်အရေးများ၊ ပူးပေါင်းရေးမှုများသည် ဥရောပသမဂ္ဂလို၊ အမေရိကန် ပြည် ထောင်စုတို့လို ကြီးကျယ်ခမ်းနားသည့် ပြည်ထောင်စုကြီးတခုကို တည်ဆောက်နိုင်မည့် အခွင့်အလမ်းတခုကို ရရှိလိုက်ခြင်း ဖြစ်ပါသည်။ ခေတ်မီတိုးတက်ပြီး ငြိမ်းချမ်းသာယာသည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်ရန်အတွက် ဥရောပသမဂ္ဂတို့၊ အမေရိကန် ပြည် ထောင်စုတို့ထက် မနိမ့်ကျသည့် လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ၏အုတ်မြစ်များ၊ ပြည် ထောင်စုမှုများ၊ ပူးပေါင်းရေးမှုများကို ပင်လုံတွင်ပန္နက်ချထားခဲ့ပြီးသား ဖြစ်ပါသည်။ ဝေးလံ သည့် အနောက်တိုင်းနိုင်ငံများမှ တိုက်ရိုက်ကူးယူစရာမလိုပဲ၊ မိမိတို့နိုင်ငံ၏ သမိုင်းနောက်ခံ၊ ရေခံမြေခံနှင့် ကိုက်ညီပြီး တကြိမ်တည်းတွင် ကမ္ဘာ့အဆင့်ကိုပါ မှီသည့်မှုများ၊ သဘော တရားများကို နိုင်ငံ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်ပြီး ပင်လုံတွင် အုတ်မြစ်ချခဲ့ပြီးသား ဖြစ်ပါသည်။

တန်းတူရည်တူ ရေးထိုးကြသည့် သဘောတူစာချုပ်အရဖြစ်စေ၊ အခြေခံဥပဒေ အရဖြစ်စေ၊ ပြည်သူများရွေးကောက်သည့် တရားဝင် နိုင်ငံတော်အစိုးရ တရပ်ရပ်ကဖြစ်စေ တစုံတခုသော ဒေသတခုခု (ဝါ)လူမျိုးတမျိုးမျိုးကို ထူးခြားသည့်အကြောင်းပြချက် တစုံတခု နဲ့ အခွင့်ထူး (privilege) တစုံတရာကို ပေးအပ်ကောင်း ပေးအပ်နိုင်သော်လည်း လူမျိုး

တမျိုး၏ နဂိုရှိရင်းစွဲ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ဆိုသည့် အမျိုးသားအခွင့်အရေး (Rights)များသည် ပေးအပ်၍ရလာခြင်းမျိုး မဟုတ်ပဲ ဘိုးဘင်ဘောင်ဆက်လက်ဆင့်ကမ်းခဲ့သည့် အမွေအနှစ်များ (inherent) ဖြစ်သည်၊ ယင်း ဘိုးဘွားပိုင် အမွေအနှစ်ဖြစ်သည့် အခွင့်အရေး (inherent Rights) မျိုးသည် ယင်းလူမျိုးနဲ့ ဘယ်သောအခါမှ ခွဲခွာလို့ မရစကောင်းသည့် အခွင့်အရေးများ (inalieanable Rights)ဖြစ်သည်။ ယင်းကဲ့သို့ ကမ္ဘာ့ လူမျိုးအသီးသီး၏ သူတို့နှင့် ခွဲခွာ၍ မရစကောင်းသော ဘိုးဘွားပိုင်နယ်မြေ (inherent territories)များ၊ သူတို့နှင့် ခွဲခွာ၍ မရစကောင်းသော သူတို့၏ ဘိုးဘွားပိုင်အမွေအနှစ်များဖြစ်သည့် အခွင့်အရေးများ (inherent inalienable Rights)သည် ကမ္ဘာ့လူမျိုးအသီးသီး၏ တည်ရှိရှင်သန်မှုအတွက် မရှိမဖြစ် ပိုင်ဆိုင်ကြသည့် အမွေအနှစ်များပင် ဖြစ်သည်။ ယင်းသို့ သူတို့နှင့်ခွဲခွာ၍ မရစကောင်းသည့် လူမျိုးအသီးသီး၏ အသက်ဝိဉာဉ်ကဲ့သို့ ဖြစ်နေသည့် အမွေအနှစ်များကို ပြင်ပမှ အင်အားသုံးပြီး မလုပ်ကောင်း၊ မလုပ်အပ်၊ မလုပ်သင့်ပေ။ သူတို့နဲ့ ခွဲခွာရန် အားထုတ် လုပ်ဆောင်လာသည့်အခါတိုင်း ကမ္ဘာကြီးတွင် စစ်မီးများ ဟုန်းဟုန်းတောက်လောင်ခဲ့တာချည်း ဖြစ်သည်။ ဤသည်မှာ Universal Truth ခေါ် ကမ္ဘာလုံးဆိုင်ရာ အမှန်တရားပင် ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်အခါတွင် ယင်း Universal Truth ခေါ် ကမ္ဘာလုံးဆိုင်ရာ အမှန်တရားများကို သိမြင်လာကြပြီး ယင်း အမြင်သစ်အတွေးသစ်များ၊ သဘောတရား၊ အယူအဆအသစ်များသည် ကမ္ဘာသူကမ္ဘာသားများကြားတွင် နက်နက်ရှိုင်းရှိုင်း စတင် အမြစ်တွယ်ခဲ့သည့်အလျောက်၊ ကိုလိုနီစနစ်ဖျက်သိမ်းရေး၊ ကမ္ဘာ့လူမျိုးအသီးသီးတို့ နဂိုမူလပိုင်ဆိုင်ကြသည့် ကိုယ်ပိုင်ပြဌာန်းခွင့်များ ပြန်လည်ရရှိရေးများကို ဆောင်ရွက်ရင်း ငြိမ်းချမ်းသည့် ကမ္ဘာကို တည်ဆောက်ရေး စသည်တို့ကို အသစ် ပေါ်ထွန်းလာသည့် ကမ္ဘာ့ ကုလသမဂ္ဂက ကမကထပြုပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကိုပါ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ယင်း ၁၉၄၈ ခုနှစ်တွင်ပင် ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အမှန်တရားများကိုအခြေခံပြီး ခေတ်နဲ့တပြေးညီဖြစ်သည့် ပြည်ထောင်စုနိုင်ငံသစ်ကို စတင်ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

လူမျိုး တမျိုးနဲ့တမျိုး နိုင်ထက်စီးနင်း ပြုကျင့်သည့် ဝါဒများသည် ခေတ်မမှီတော့ကြောင်း၊ ကမ္ဘာနဲ့အဝှမ်း ယင်းဝါဒ၊ ယင်းစနစ်များကို အပြီးအပိုင်ဖျက်သိမ်းကြရမည် ဆိုသည့် သဘောတရားများသည် ကမ္ဘာ့လူသားများကြားတွင် ရှင်သန်လာသည့် အလျောက် လူသားစိတ်ဓါတ်ရှိပြီး၊ လူသားပီသသည့် ပြည်ထောင်စု၏ ဖခင်များက ပင်လုံတွင် အခြေခံလူ့အခွင့်အရေးများကို ပြဌာန်းပြီး ရာသက်ပန်ငြိမ်းချမ်းသည့် ပြည်ထောင်စုကြီးအတွက် ပင်လုံတွင် အုတ်မြစ်ချခဲ့ကြခြင်း ဖြစ်ပါသည်။ ယင်းသို့သော အယူအဆအသစ်များသည် ကမ္ဘာစစ်ကြီး (၂) ကြိမ်တိတိ လောင်ကျွမ်းခဲ့ရာမှ လူသားတို့တွင် ဖြစ်ပေါ်လာသော အသိတရားများ ဖြစ်သည်။ ကုန်လွန်ခဲ့သည့် နှစ်ပေါင်း (၆၀) ကျော်ကာလအတွင်းတွင် ပင်လုံ၏ လေးနက်ပြီး မြင့်မားသည့်မူဝါဒများ၊ ကမ္ဘာလုံးဆိုင်ရာ အမှန်တရားများကို ကျော်ခိုင်းခဲ့ကြပြီး ဖြစ်သည်။ အမှန်တရားကို မြတ်နိုးသည့် ခေါင်းဆောင်ကောင်းများ မပေါ်ပေါက်လာပါက ပင်လုံ၏ကျိန်စာကို တပြည်လုံး ဆက်လက်ခံကြရဦးမည် ဖြစ်သည်။

သယံဇာတ ပေါကြွယ်ဝပြီး၊ သယံဇာတတို့ကို အလွန်အကျွံထုတ်ရောင်းသော နိုင်ငံများသည် သယံဇာတ၏ကျိန်စာကို ခံကြရသည်ဟု ဆိုပါသည်။ တိုင်းပြည်တခုတွင် သယံဇာတ ပေါကြွယ်ခြင်းသည် ယေဘုယျအားဖြင့် တိုင်းပြည်ဝင်ငွေတိုးကာ ပြည်သူတို့၏ လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် အကြောင်းတခု ဖြစ်သော်လည်း ကိုယ်ကျိုးရှာ အကျင့် ပျက် အဂတိလိုက်စားသည့် အုပ်စိုးသူတို့မှ အာဏာကို လက်ဝါးကြီးအုပ်မှုကြောင့် ပြည်သူ တို့သည် သယံဇာတ၏ ကျိန်စာကိုခံကြရခြင်း ဖြစ်သည်။ ကျွန်တော်တို့ နိုင်ငံတွင် Universal Truth ခေါ် ကမ္ဘာလုံးဆိုင်ရာ အမှန်တရားများနှင့် ပြီးပြည့်စုံသည့် ပင်လုံကို အခြေခံသည့် ဒီမိုကရေစီစံနစ်ကို ဖေါ်ဆောင်ရန် ကတိကဝတ်များ အခွင့်အလမ်းများ ရှိခဲ့ပါလျက်နှင့် အုပ်စိုးသူအဆက်ဆက်မှ တိုင်းပြည်အာဏာကို လက်ဝါးကြီးအုပ်ကာ ပင်လုံကတိကဝတ်တို့ကို ဖေါက်ဖျက်ခဲ့ကြသည်။ အမှန်တရားကို ကျောခိုင်းခဲ့ကြသည်။ ကတိမတည်လျှင်၊ သစ္စာဖောက်လျှင် ကျမ်းစူးတတ်သည်၊ ကျိန်စာသင့်သလို ခံရတတ်သည်ဟုသော ဗမာ့ဆိုရိုးစကားနှင့် မိရိုးဖလာယုံကြည်မှုရှိပါသည်။ ဗမာအပါအဝင် လူမျိုးပေါင်းစုံ ပြည်သူတို့အတွက် ထာဝရ သာယာငြိမ်းချမ်းသော ပြည်ထောင်စုကြီးကို မျက်မှောက်ပြုရစေမည့် ပင်လုံကတိကဝတ်တို့ကို ဖေါက်ဖျက်ခဲ့ကြပြီဖြစ်သဖြင့် ပင်လုံ၏ကျိန်စာ သင့်ခဲ့ကြ

ရပြီး အုပ်စိုးသူရော၊ ပြည်သူများပါ တတိုင်းတပြည်လုံးနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်တွင် အထီးကျန်ဖြစ်ခဲ့ကြရပြီး အကြပ်အတည်း အခက်အခဲမျိုးစုံကိုလည်း ယနေ့အထိ ကြုံတွေ့ရင်ဆိုင် ခံစားနေရဆဲ ဖြစ်သည်။

## ပင်လုံ၏ကျိန်စာ တဇာတ်သိမ်းရေး၊ ပြည်တွင်းစစ် ရပ်စဲရေး

၁၈၆၁ နဲ့ ၁၈၆၅ အတွင်း(၄)နှစ်ကြာဖြစ်ပွားခဲ့သည့် အမေရိကန်ပြည်တွင်းစစ်သည် စက်မှုတော်လှန်ရေး၏ အသီးအပွင့်များနှင့်အတူ မြို့ပြအခြေပြု စက်မှုလူ့အဖွဲ့အစည်းအသွင်ကို ကူးပြောင်းနေသည့်အလျောက် ကျွန်စံနစ်ကိုပါ လက်မခံတော့သည့်၊ အမေရိကန်မြောက်ပိုင်း ပြည်နယ်များနှင့် မိမိတို့၏ စီးပွားရေးမောင်းနှင်အားအဖြစ် ဝါဂွမ်းစိုက်ခင်းများတွင် ကျေးကျွန်များကို အဓမ္မစေခိုင်းနေရဆဲဖြစ်ပြီး၊ ကျေးလက်အခြေပြု လူ့အဖွဲ့အစည်းအဖြစ် ခေတ်နောက်ကျ ကျန်ရစ်နေသေးသည့် တောင်ပိုင်းအမေရိကန် ပြည်နယ်များအကြား ကျွန်စံနစ် ဖျက်သိမ်းရေး၊ မဖျက်သိမ်းရေးကိုအခြေခံပြီး တောက်လောင်ခဲ့သည့် ပြည်တွင်းစစ်မီး ဖြစ်သည်။ မတူညီသည့် လူ့အဖွဲ့အစည်းနှစ်ရပ်၊ မတူညီသည့်ခေတ်နှစ်ခေတ် နှင့် မတူညီသည့် တန်ဖိုးထားမှုများအပေါ်တွင် အခြေခံခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် စက်မှုထွန်းကားပြီး ခေတ်ရှေ့ကိုပြေးနေသည့် အမေရိကန်မြောက်ပိုင်းက စိုက်ပျိုးမှုတော်လှန်ရေးထဲတွင် ခေတ်နောက်ကျကျန်နေခဲ့သည့် အမေရိကန်တောင်ပိုင်း ပြည်နယ်များအပေါ် အနိုင်ရခဲ့ပြီး၊ ကျွန်စံနစ်ကို အပြီးအပိုင်ဖျက်သိမ်းနိုင်ခဲ့သည်။ ကျွန်စံနစ်ကို ဖျက်သိမ်းရန်အတွက် (၄) နှစ်ကြာ ပြည်တွင်းစစ်တွင် နှစ်ဖက်ပေါင်း လူ (၇)သိန်းကျော် သေခဲ့ရပြီး အမေရိကန်ပြည်ထောင်စု၏ သမိုင်းတလျှောက်တွင် လူ့အသက်ဆုံးရှုံးမှု အများဆုံး စစ်ပွဲဖြစ်သည်။ တောင်ပိုင်းပြည်နယ်များက သီးခြားကွန်ဖက်ဒရေးရှင်း ထူထောင်ပြီး အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်ရန်အထိ လုပ်လာသည့်အချိန်တွင် သမ္မတ လင်ကွန်းက ပြည်တွင်းစစ်ကာလတွင် ပြည်ထောင်စုမပြိုကွဲရေးကို အဓိကထား ကြွေးကြော်ခဲ့သော်လည်း၊ ကျွန်စံနစ်ကိုတော့ ပြည်တွင်းစစ်မဖြစ်လျှင်ပင် သူ့အလိုလို ခေတ်နဲ့အညီ ပျောက်ကွယ်သွားမည်ဟု ယုံကြည်ခဲ့သူဖြစ်သည်။ ပြည်တွင်းစစ်အပြီးတွင် ကျွန်စံနစ်ကို ဥပဒေပြဌာန်းပြီး ဖျက်သိမ်းခဲ့ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ရခြင်း အကြောင်းရင်းအဖြစ် နယ်ချဲ့သွေးထိုးမှုကို အကြောင်းပြုပြီး ယိုးမယ်ဖွဲ့ ရေးသားပြောဆိုခဲ့ကြသည်။ ကိုလိုနီခေတ်တွင် နယ်ချဲ့၏ သွေးထိုးမှုများ အမှန်ရှိခဲ့သော်ငြားလည်း၊ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်အားဖြင့် ယင်းသွေးထိုးမှုတို့ကို တဇာတ်သိမ်းခဲ့ပြီး ဖြစ်သည်။ ယနေ့အချိန်အခါတွင် ရှည်ကြာလာသော ပြည်တွင်း စစ်သမိုင်းကို မတူညီသော ကမ္ဘာ့အမြင်နှစ်ရပ်၏ ပဋိပက္ခအဖြစ် သုံးသပ်၍ ရပေလိမ့်မည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ချိုးနှိမ်နှိပ်ကွပ်ထားနိုင်မှ တိုင်းပြည်စည်းလုံးမည်၊ တိုးတက်မည်ဟု ယုံကြည်သည့် ဖေါက်ပြန်လွန်းသော ရှေးခေတ်ဟောင်း ကမ္ဘာ့အမြင်နှင့်ခေတ်ရှေ့ကိုပြေးနေသော တန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုမူကို ကိုင်စွဲထားသည့် ပင်လုံစိတ်ဓါတ်ခေါ် ခေတ်သစ်အမြင်တို့အကြား မတူညီ၊ ဆန့်ကျင်သည့် ကမ္ဘာ့အမြင်နှစ်ခု၏ ပဋိပက္ခပင်ဖြစ်ပေသည်။ ရှေးခေတ်ဟောင်း ကမ္ဘာ့အမြင်သည် ရှည်ကြာစွာ ရှင်သန်ကြီးထွားနေခဲ့သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့နိုင်ငံတွင် မင်းရူး၊ ဘုရင်ရူးများ ကြီးစိုးနေခဲ့ပြီး၊ တိုင်းပြည်သည်လည်း ခေတ်ရှေ့သို့မရွေ့နိုင်ပဲ ခေတ်နောက်ကျပြီး ကျန်ရစ်ခဲ့ရသည်။ အများစုကြီးဖြစ်သော ဗမာပြည်သူတို့ကို စစ်အာဏာရှင်အဆက်ဆက်က "ဖက်ဒရယ်ခွဲထွက်ရေးမူ"ဖြင့် ပိုင်ပိုင်နိုင်နိုင် မှိုင်းတိုက်ထားနိုင်ခဲ့သည်က အကြောင်းရင်းတခုဖြစ်ပေသည်။ ယနေ့အချိန်အခါတွင် လူမျိုးပေါင်းစုံပြည်သူတို့အနေနှင့် ပင်လုံ၏ အမှန်တရားတို့ကို သဘောပေါက်မှုများ နေ့စဉ်နှင့်အမျှ တိုးပွားလာပြီဖြစ်သဖြင့် ပင်လုံခေတ်သစ်ကမ္ဘာ့အမြင်ဖြင့် အားကြိုးမာန်တက် ဦးဆောင်ဦးရွက်ပြုမည့် မြန်မာမျိုးဆက်သစ် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းကာ ပင်လုံ၏ ကျိန်စာကို တဇာတ်သိမ်းရန် အချိန်တန်ပြီဖြစ်သည်။ စိတ္တဇအိမ်မက်များ ကုန်ဆုံးလွန်မြောက်၍ ပင်လုံ၏ကျိန်စာအောက်မှ နောင်မျိုးဆက်သစ်များ လွတ်မြောက်ကြပါစေ။

၂၉ မေလ၊ ၂၀၁၄ (The curse of Panglong)

ခေတ်ကပေးတဲ့ တာဝန်၊ သမိုင်းကပေးတဲ့ တာဝန်
ချင်းလဲန်းအတွက် ချင်းအမျိုးသားသည် တာဝန်အရှိဆုံးဖြစ်သည်။




## မုန်ကာန်ချ

တကျွန်းစံစံ
ထောင်နန်းစံစံ
ချင်းလဲန်းအရေး၊ ပြည်သူ့အရေး
မှန်းဆရည်မျှော်

တိုက်ရဲပျော်၊ သေရဲပျော်
တော်လှန်မြေမှာ
အသက်ပေါင်းလည်း စတေးခဲ့ပြီ

*ဖိုလ်မောင်လေး*

# ကျွန်တော်ချစ်သော ချင်းပြည်အတွက် ဆုတောင်းခြင်း

✍ ဆလိုင်းပေန်း(ဒိုင်ခေသူ)

နေမင်းကြီးသည် ထွက်လိုက်၊ ဝင်လိုက်ဖြင့် အချိန်ကုန်လွန်လာနေခဲ့ရသလို ကမ္ဘာ့လူသားတို့သည်လည်း မွေးလိုက်၊ သေလိုက်ဖြင့် မိမိတို့၏ ဘဝကို ကုန်လွန်ရင်ဆိုင်ခဲ့ကြရသည်။ လူတို့သည် မိမိတို့ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းမှု အဆင်ပြေစေရန်၊ လုံခြုံရေးကောင်းမွန်စေရန်နှင့် အပြန်အလှန် အထောက်အကူပြုနိုင်ကြရန် စသည်တို့အတွက် တစ်ဦးတည်းနေထိုင်၍မရဘဲ အစုအဖွဲ့ဖြင့် နေထိုင်ကြသော သတ္တဝါဖြစ်ပါသည်။ အစုအဖွဲ့နှင့်နေထိုင်လာခဲ့ကြသော ကမ္ဘာဦးကျောက်ခေတ် လူသားများမှ ယနေ့ခေတ်သစ် အမျိုးသားနိုင်ငံများအထိ ခေတ်ကြီးငါးခေတ် ရင်ဆိုင်ခဲ့ကြပြီး လူမျိုးနှင့်နိုင်ငံများသည်လည်း ပေါ်လိုက်ပျောက်လိုက်၊ ပြောင်းလဲမှုဖြစ်စဉ်အရ ရှိနေတော့သည်။ ထိုနည်းတူ ကျွန်တော်ချစ်သော ချင်းလူမျိုးများနှင့် ချင်းပြည်သည်လည်း ပြောင်းလဲမှုသံသရာ ဝဲကယက်ထဲလည်ပတ် ရင်ဆိုင်နေပါတော့သည်။

ကျွန်ုပ်တို့ ချင်းလူမျိုးများကပိုင်ဆိုင်သော ချင်းပြည်သည် မည်သည့် တိုင်းတပါးသားတို့၏ လက်အောက်ခံမဖြစ်ခဲ့ဘဲ အင်္ဂလိပ်ကိုလိုနီဘဝ ကျရောက်ခဲ့ရသော ၁၈၉၅ ခုနှစ်အထိ ကိုယ့်မင်းကိုယ့်ချင်းဖြင့် သီးခြားလွတ်လပ်စွာ နေထိုင်လာခဲ့သည်။ ချင်းလူမျိုးတို့သည် ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများ အပါအဝင် ချင်းအမျိုးသားအင်္ဂါရပ်များကို သီးခြားပိုင်ဆိုင်ထားကြပြီး ကိုယ်ကျင့်တရားဆိုင်ရာများကို တန်ဖိုးထားရှိခဲ့ကြသည်သာမက ရိုးသားမှုနှင့်သစ္စာရှိမှုတို့ကို လက်ကိုင်ပြုထားသော လူမျိုးဖြစ်သည်။ ထိုကဲ့သို့လွတ်လွတ်လပ်လပ် နေထိုင်ခဲ့ကြသောကာလ၌ ချင်းပြည်တွင် လူမှုဘဝ တိုးတက်ဖွံ့ဖြိုးမှုများစွာမရှိခဲ့ဟု ဆိုနိုင်သော်လည်း၊ လူကိုလူလိုမြင်တတ်ပြီး လူသားချင်း စာနာထောက်ထားမှုများ၊ လူလူချင်း ကောင်းမွန်စွာဆက်ဆံရေးများ ရှိနှင့်ပြီးဖြစ်သည်။ ထို့အပြင် ထိုစဉ်က တာရွှန်းဒီမိုကရေစီ အုပ်ချုပ်ရေးစံနစ်၊ တောင်ပိုင်းချင်းပြည်တွင် ကျင့်သုံးခဲ့သော သုံးနှစ်

တကြိမ် ရှာသူကြီးများကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ခဲ့သော ဒီမိုကရေစီ အုပ်ချုပ်ရေးစံနစ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဒီမိုကရေစီစံနစ် ထွန်းကားခဲ့ပြီး ဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်အပြီး ချင်း လူမျိုးများနှင့် ချင်းပြည်သည် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော်လည်း ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် တိုးတက်ပြောင်းလဲမှုများ များစွာဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် မိရိုးဖလာ နတ် ကိုးကွယ်သည့် ဘာသာမှ ခရစ္စယာန်ဘာသာသို့ ကူးပြောင်း ယုံကြည်ကိုးကွယ်လာကြခြင်း၊ ဝတ်စားဆင်ယင်မှု အပြောင်းအလဲများ ဖြစ်လာခြင်း၊ ချင်းစာပေကို တီထွင်သင်ကြား စေခြင်း၊ ဂလဲ့စားချေမှု စသော မသင့်တော်တော့သည့် အချို့ချင်းဓလေ့ထုံးတမ်းကို ပြဌာန်းဥပဒေဖြင့် အစားထိုးပေးခြင်း၊ စားသောက်ပုံ ချက်ပြုတ်နည်းများကအစ ပြောင်းလဲမှုများရှိခဲ့ သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများတွင် တိုးတက်ပြောင်းလဲမှုများ များစွာရှိခဲ့သည်။

ကျွန်ုပ်တို့ ချင်း ဘိုးဘွားခေါင်းဆောင်များက လွတ်လပ်ရေး အမြန်ရရှိရေး၊ ဒီမိုကရေစီအပြည့်အဝရှိပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ကိုလည်း အာမခံချက်ပေးမည့် ဗမာ၊ ကချင်၊ ရှမ်း စသော တိုင်းရင်းသားများနှင့် ဖက်ဒရယ်ပြည်ထောင်စုကြီးတခု တည်ထောင်ပြီး လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုရှိရှိ အတူယှဉ်တွဲနေထိုင်ကြလျှင် လုံခြုံမှု ပိုရှိမည့် အပြင် လူမှုဘဝ တိုးတက်ဖွံ့ဖြိုးမြင့်မားမည်ဟူသော ယုံကြည်ချက်နှင့်အညီ ပူးပေါင်းတိုင်းပြည်တည်ထောင်ရန် ပင်လုံစာချုပ်ကို သဘောတူလက်မှတ် ရေးထိုးကြခြင်းဖြစ်သည်။ သို့ရာတွင် ကျွန်တော်ချစ်သော ချင်းပြည်သည် ချင်းခေါင်းဆောင်ကြီးများ ရည်မှန်းထားခဲ့ကြသည့် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရရှိပြီး သာယာဝပြောသော ချင်းပြည်ကြီးအဖြစ် လက်တွဲတည်ဆောက်မည့်အစား စာနာမှုကင်းမဲ့ပြီး မိမိတို့အာဏာရရှိရေးကိုသာ အဓိကထားလျက် လူကိုလူလို သဘောမထားသော အမျိုးသားဖောက်ပြန်ရေးသမားတချို့နှင့် စစ်အာဏာရှင် စစ်ဘီလူးအချို့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး စစ်သံဖိနပ်အောက် ကြေမွအောင်နင်းချေခြင်း ခံခဲ့ရသည်။

ယနေ့ဆိုလျှင် ကျွန်တော်ချစ်သော ချင်းပြည်ကြီးတွင် တိုက်ပွဲခေါ်သံများ၊ ယမ်းငွေ့သန်းမှုများ၊ မတရားအနိုင်ကျင့်ခံရမှုများ၊ လဒ်ပေးလဒ်ယူမှုများ၊ ကိုယ်ကျိုးစီးပွားရှာ၊ ဝိသဘလောဘသမားများ၊ မတရားသွေးစုတ်ချယ်လှယ်ပြီး အမြတ်ကြီးစားသူများ၊ မည်သူသေသေ ငတေမာပြီးရော သဘောထားသူများ၊ ဒီမိုကရေစီစံနစ်အစား စစ်အာဏာရှင်စံနစ်ဖြင့် အစားထိုးခြင်း၊ သာယာဝပြောမှုအစား ဆုတ်ယုတ်ပျက်စီးခြင်း၊ မင်္ဂလာတရားမှ အမင်္ဂလာသို့ဖြစ်လာခြင်း၊ ကောင်းသောကိုယ်ကျင့်တရားမှ ဆိုးညစ်သော ကိုယ်ကျင့်ပျက်ချစားမှုများ၊ မင်းမဲ့စရိုက်များ၊ မတူမညီမျှမှုများ၊ ကန့်သတ်ချုပ်ချယ်မှုများ စသဖြင့် ပြည့်နှက်နေပြီး လူနေမှုအဆင့်အတန်းတခုလုံး ကျဆင်းခဲ့ရ၍ ချင်းလူမျိုးနှင့် ချင်းပြည်ကြီး ပျက်ဆီးပျောက်ကွယ်တော့မည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ အထက်ဖော်ပြပါ ဆင်းရဲဒုက္ခမျိုးစုံကို ခါးစည်းခံနေမှုများမရှိလျှင် ကျွန်တော်ချစ်သော ချင်းပြည်သည် အလွန်သာယာဖွယ်ကောင်းသော၊ ငြိမ်းချမ်းသော နယ်မြေတခု ဖြစ်လာမည်။

ဘာသာတိုင်း အဓိက သွန်သင်ဆုံးမသြဝါဒအဖြစ် ထားရှိသော လူသားတို့အကြား ငြိမ်းချမ်းရေးတည်ဆောက်ရရှိရေး၊ မေတ္တာတရားထားရှိရေး၊ သစ္စာတရား ထားရှိကြရေး၊ ဖြောင့်မတ်ခြင်းတရား၊ ခွင့်လွှတ်ခြင်းတရားများ စသည့် ဘုရားရှင် ဒေသနာအဆုံးအမအောက်၌ ချင်းပြည်သူလူထုသည် မိမိတို့ကိုးကွယ်သော ဘာသာနှင့်အညီ ငြိမ်းချမ်းစွာနေထိုင်စားသောက် လုပ်ကိုင်လိုကြသည်။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတရားများ မဖုံးလွှမ်းဘဲ လူမျိုး၊ ဘာသာ၊ လိင်၊ အဆင့်အတန်းခွဲခြားမှုမရှိသော ချင်းပြည်ကြီး ဖြစ်စေလိုကြသည်။ ချင်းပြည်သူတိုင်း၊ ချင်းအမျိုးသားတိုင်း လွတ်လပ်မှု၊ တရားမျှတမှု၊ ညီကိုရင်းစိတ်ဓါတ်ရှိမှုများ ရရှိခံစားစေလိုကြသည်။ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားလိုကြသည်။ တာဝန်ခံမှု၊ တာဝန်ယူတတ်မှုများ၊ တိုးတက်ဖွံ့ဖြိုးမှုများ၊ လူမှုဘဝဖူလုံရေး၊ အပြန်အလှန်ယုံကြည်မှုအပြည့်နှင့် ပျော်ပျော်ရွှင်ရွှင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာများ တိုးတက်အောင် လွတ်လွတ်လပ်လပ် လုပ်ကိုင်လိုကြသည်။ ငြိမ်းချမ်းရေးနှင့်အတူ မေတ္တာနိုင်ငံတော်ကြီး တည်ဆောက်လိုကြသည်။ ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်

သော အင်အားကြီး ဖက်ဒရယ်မြန်မာနိုင်ငံတော်ကြီး တည်ဆောက်လိုကြသည်။ ချင်းပြည်သူလူထုက နိုင်ငံရေး လိုအင်ဆန္ဒများကိုလည်း ချင်းအမျိုးသားညီလာခံကြီးတွင် တညီတညွတ်တည်း ချမှတ်ခဲ့ကြပြီး ဖြစ်ပါသည်။ သို့သော် — သို့သော် –

ရိုးသားမှုကို အမြတ်ထုတ်ချင်သော၊ အားနည်းသူကို အနိုင်ကျင့် သိမ်းပိုက်လိုသော၊ အရာရာကို မိမိတို့ကသာ ပိုင်ဆိုင်လိုသော၊ ငြိမ်းချမ်းတည်ငြိမ်မှုကို ဖျက်ဆီးပြီး အင်အားသုံး အာဏာငမ်းငမ်း တက်သော၊ မေတ္တာတရား သစ္စာတရား ခေါင်းပါးလွန်းသော၊ လောဘ၊ ဒေါသ၊ မောဟကြီးလွန်းကြသော၊ အကြင်နာတရားစိုးစဉ်းမျှ မရှိကြသော အင်အားနှင့်ရက်စက်ကြမ်းကြုတ်မှုကို အသုံးပြုပြီး မြင်မြင်သမျှကို လိုက်သတ်နေသော၊ ဒုက္ခ၊ သုခနှင့် ငရဲနိဗ္ဗာန်အကြောင်းလည်း မသိယောင်ဆောင်သော၊ ဘုရားမဲ့တရားမဲ့ ဖြစ်နေကြသော အတ္တသမား ကောက်ကျစ်အဓမ္မအနိုင်ကျင့်သော၊ ဘီလူးစိတ်ပေါက် သိုးရေခြုံပြီး မိုက်မဲဆိုးသွမ်း ခါးပြတိုက် လူအုပ်စုတို့၏ မတရားကျူးကျော် တိုက်ခိုက်ဖျက်ဆီး၊ မကောင်းမှုများ လုပ်ဆောင်ချက်များကြောင့် ချင်းပြည်သူလူထုနှင့် ချင်းပြည်ကြီးသည် အနာကြီးနာခဲ့ရပြီ။ လမ်းမမြင်ကမ်းမမြင်၊ ဦးတည်ရာမဲ့ အခြေမဲ့၊ အိုးအိမ်နေရာမဲ့ဘဝ ရောက်ကြရသည်။ တိုးတက်မှုဆိုလျှင် ဝေလာဝေး၊ ပျက်ဆီးဆုံးရှုံးမှုနှင့် အကျဉ်းတန်ခဲ့ရသည်။ ဤမျှနှင့် မပြီးသေး– မပြီးသေး – မပြီးသေးပါ။

ရိုးသားအေးချမ်းစွာ နေထိုင်လာသော လူမျိုးတခုရပ်တည်မှုကို မမြင်လို၍၊ အမျိုးပြုန်းသတ်ဖြတ်နေကြသဖြင့် အမျိုးရှင်သန်ရပ်တည်ရေးအတွက် တခေတ်ပြီးတခေတ်၊ ခုခံတိုက်ပွဲတွေ တပွဲပြီးတပွဲ ဆင်နွှဲနေကြသည်။ စစ်ဟူသည် ပျက်စီးမှုဟုဆိုကြသလို ရေရှည်တွင် နှစ်ဦးနှစ်ဖက်ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရတတ်သည်။ သို့ရာတွင် လူမျိုး ပျောက်ကွယ်မသွားရန်အတွက် အတတ်နိုင်ဆုံးခုခံရန်အတွက် အခွင့်အရေးရှိကြသည် မဟုတ်လော့? လူမိုက်အုပ်စုကို ဖယ်ရှားရန် စစ်သည် နည်းလမ်းတခုမဟုတ်လော့ ?၊ ထို့ကြောင့် စစ်၏ အနိဋ္ဌာန်ရုံ မြင်ကွင်းများကို ချင်းပြည်အနှံ့ ကြုံတွေ့ကြရသည်။ သွေးထွက်သံယိုမှုများ၊ အသက်ပေါင်းများစွာ ဆုံးရှုံးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ ဝတ်မွတ်ခေါင်းပါးမှုများ၊ ရောဂါ

ရရှိသူများ၊ မိဘမဲ့ကလေးများ၊ အခမ္ဘ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပြောင်းရွှေ့ခံရသူများ၊ အိုးအိမ်နေရာမဲ့သူများ အစရှိသဖြင့် နေ့စဉ်ခံစားကြရသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့် ပတ်သက်၍ ရိုးရိုးရှင်းရှင်းတင်ပြရလျှင် –

ချင်းပြည်သည် စိုက်ပျိုးရေးကို အခြေခံသော နယ်မြေဖြစ်သည်၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစံနစ်ကို ယနေ့အထိ ကျင့်သုံးလျက်ရှိသည်။ ချင်းတောင်သူကြီးများသည် တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်း၊ ပျိုးကျဲခြင်း၊ စိုက်ပျိုးခြင်း၊ တောင်ယာရှင်းလင်းခြင်း၊ သားရဲတိရစ္ဆာန်များဖျက်ဆီးမှုမှ ကာကွယ်ပေးခြင်း၊ ရိတ်သိမ်းခြင်း၊ စုဆောင်းခြင်း စသည့် လုပ်ငန်းကဏ္ဍများကို သင့်တော်သောသတ်မှတ်ချိန်တွင် တစ်နှစ်ပတ်လုံးလုပ်ဆောင်နေကြရသည်။ တစ်နှစ်ပတ်လုံး ကြိုးစားပမ်းစား လုပ်ဆောင်နေကြရသော်လည်း ရာသီဥတုပုံမှန်ဖြစ်လျှင် တစ်နှစ်အတွက် ဖူလုံ့ရုံသာ ရရှိကြသည်။ ရာသီဥတု ဖောက်ပြန်လျှင်မူ တောင်သူကြီးများ ဒုက္ခဆင်းရဲငတ်ပြတ်ရတော့သည်။ ၎င်းဆိုးကျိုးများကို သုံးလေးနှစ်အထိ အောင့်အီးရင်ဆိုင်ကြရသည်။ တောင်ယာအလုပ်အပြင် မိမိတို့ဘဝ ရပ်တည်နေနိုင်ရေးအတွက် မွေးမြူရေး၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းများဖြင့် ဖြည့်ဆည်းကြရသည်။

အချိန်လုပြီး နေပူမိုးရွာမရှောင် ပင်ပန်းကြီးစွာ လုပ်ကိုင်နေကြရသော တောင်သူဦးကြီးများသည် မိမိတို့ဘဝ ရပ်တည်နိုင်ရေးအတွက် ဘဝတိုက်ပွဲ ရုန်းကန်နေကြသည့်ကြားမှ လုပ်အားပေး၊ ပေါ်တာ၊ အခွန်ကောက်၊ အပိုထမ်းပိုးများ လုပ်ဆောင်ပေးနေကြရသည့်အပြင် တောင်ယာမခုတ်ရ၊ တောင်ယာမီးမရှို့ရ၊ သွားရေးလာရေး ပိတ်ပင်မှုများစသော မတရားအမိန့်အာဏာများဖြင့် အမိန့်ပေးခံနေကြရသည်။ တောင်သူဦးကြီးများဖြစ်ကြသော ချင်းပြည်သူအများစုတို့သည် ၎င်းတို့၏ အသက်ဘဝကို သွယ်ဝိုက်သတ်ဖြတ်ခံနေရခြင်းသာ ဖြစ်တော့သည်။ ထိုထက် ပိုဆိုးသည်မှာ နှစ်ပေါင်း (၆၀)ကျော် လူ့အခွင့်အရေး ချိုးဖောက်ခံမှုများကို လူ့အခွင့်အရေး ချိုးဖောက်ခံနေရခြင်းမှန်း မသိကြ၍ အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အဖြစ် ယူဆနေကြဆဲပင်ဖြစ်သည်။ သမ္မတဦးသိန်းစိန် တက်လာပြီးနောက် အလွန်ဆင်းရဲဒုက္ခရောက်နေကြရသော တောင်သူလယ်သမား မိသားစု အသိုင်း

အဝိုင်းများမှာ ဘဝဖုံလုံရေးအတွက် ချင်းပြည်ရောက် ကုမ္ပဏီကြီးများ၊ စက်ရုံကြီးများတွင် မဆိုစလောက်လုပ်အားခနှင့် လုပ်အားနှင့်မမျှသော လုပ်ခအနည်းငယ်အတွက် အလုပ်ချိန်များစွာ ပေးဆပ်နေကြရသော အသုံးချခံ တောင်သူအလုပ်သမားများမှာ တပူပေါ်တပူ ဆင့်၊ ရေနစ်သူဝါးကူထိုး ဘဝရောက်နေရသည်။ ထို့ကြောင့် ကျွန်တော် ဤသို့ ဆိုချင်သည်–

အလွန်အေးချမ်းသာယာသော ကျွန်တော်ချစ်သော ချင်းပြည်ကြီးတွင် လူဆိုးလူမိုက် မကောင်းမှုဒုစရိုက်သမား၊ တရားလက်လွှတ်သမားများနှင့် မတရားအုပ်ချုပ်သူများကြောင့် သဘာဝရာသီဥတု ဖောက်ပြန်လာသည်။ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာသည်။ လှပခြင်းကင်းမဲ့ပြီး အရုပ်ဆိုးလာသည်။ အကျင့်ပျက်ချစားမှု၊ လဒ်ပေးလဒ်ယူမှုများ အမြစ်တွယ်လာသည်။ ချစ်ခြင်းမေတ္တာတရား၊ သစ္စာတရား ခေါင်းပါးလာပြီး တဦးနှင့်တဦး အယုံအကြည်မရှိ၊ အမုန်းတရားသာ ကြွင်းကျန်ရစ်ရသည်။ ကိုယ်ကျိုးရှာလက်ဝါးကြီးအုပ် အမြတ်ကြီးစားဝါဒ၊ ကြီးနိုင်ငယ်ညှင်းဝါဒ၊ တကိုယ်ကောင်းဝါဒ၊ အစွန်းရောက်အမျိုးသားဝါဒ၊ မင်းမဲ့တရားမဲ့ဝါဒနှင့် စစ်ရေးသက်သက်ဝါဒများ လွှမ်းမိုးနေလေပြီ၊ ဘာသာရေးရှုထောင့်မှကြည့်လျှင် ခရစ္စယာန် သမ္မာကျမ်းစာတွင် ကိုယ်ကြဲသည့်မျိုးစေ့ အချိန်တန်သော် ကိုယ်က ရိတ်သိမ်းရမည်။ ဗုဒ္ဓအယူဝါဒအရ မကောင်းမှုပြုသူသည် နောင်ဘဝတွင် မကောင်းမှုအတိုင်း၊ ကောင်းမှုပြုသူသည် ကောင်းမှုအတိုင်း ဝဋ်လည်ဦးမည် ဖြစ်သည်။ ဘာသာတိုင်းက အပြစ်ရှိသူ၊ မကောင်းမှုပြုသူသည် အပယ်ငရဲလားမည်ဟု သွန်သင်ဆုံးမထားကြသည်။

မုန်တိုင်းတိုက်ခတ်ပြီးလျှင် လေပြေလေညင်း ညင်းညက်ညက် တိုက်ခတ်စမြဲပင် ဖြစ်သည်။ ပျက်စီးဆုံးရှုံးမှု၏အစွန်းတွင် ပြန်လည်ထူထောင်ခြင်းရှိသည်။ တဂူး၏အဆိုအရ နေမင်းကြီးနှင့်လွဲသည့်တိုင်အောင် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ မျက်ရည်ကျခြင်းဖြင့် ဘဝကို အရှုံးမပေးရန်နှင့် အချိန်မကုန်ရန်၊ နေမင်းကြီးနှင့် လွဲသွားသည့်တိုင်အောင် လမင်းကြီး ထွက်ပေါ်လာဦးမည် ဟူသည့်အသိနှင့် ဘဝကို ရင်ဆိုင်နိုင်အောင် တိုက်တွန်းထားသည်။

အမှောင်ဆုံးညအခါမဲမှောင်မှောင် ဖြတ်သန်းကြပြီးလျှင် မြော်လင့်ချက်နေ့သစ် လင်းရောင်ခြည် ဖြာထွက်လာဦးမည်၊ မျိုးစေ့တစေ့ အနစ်နာခံပျက်ဆီးဆွေးမြေ့မှသာ အပင်ကြီးပေါက်နိုင်ပြီး၊ ၄င်းအပင်ကြီးမှ အခြားမျိုးစေ့များစွာကို ပြန့်ပွားစေနိုင်သည်။

ယနေ့ ချင်းလူငယ်များသည် အနာဂတ် ချင်းပြည်ခေါင်းဆောင်များ ဖြစ်ကြသည်။ ချင်းပြည်ကောင်းစားရေး၊ ပြန်လည်ထူထောင်ရေးအတွက် ယနေ့ လူငယ်များသည် အဓိက အင်အားစုများ ဖြစ်ကြသည်။ လူငယ်များ အနစ်နာခံမှု၊ စည်းလုံးညီညွတ်မှုရှိပြီး တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြလျှင် အနာဂတ် ချင်းပြည်ကြီးသည် ထွန်းတောက်လာမည်။ သာယာဝပြောသော ချင်းလဲန်းကြီးကို တည်ဆောက်နိုင်ကြမည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ကမ္ဘာကြီး တုန်ဟီးအောင် ဆုတောင်းချင်ပါသည်။ ကျွန်တော်ချစ်သော ချင်းပြည်ကြီး ကောင်းစားရေး၊ တိုးတက်ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး အလျင်အမြန်ရလိုပါ၍၊ မတရားသောစစ် ရှုံးနိမ့်ပြီး၊ တရားသောစစ် အလျင်အမြန်အောင်ပွဲခံနိုင်ပါစေ ဟု ဆုတောင်းမိပါတော့သည်။

ကျွန်တော်ချစ်သော ချင်းပြည်ကြီးသည် အဖိုးမဖြတ်နိုင်သော၊ တန်ဖိုးကြီးလှသော အမိမြေဖြစ်သည်။

**ကျွန်တော်ချစ်သော ချင်းပြည်ကြီး ငြိမ်းချမ်းပါစေ**

၀၀၀

လွတ်လပ်ခြင်း၊ အတန်းအစားမခွဲခြားခြင်း၊ သွေးရင်းသားရင်း စိတ်ထားခြင်းသည် ဒီမိုကရေစီ၏ အဓိကအင်္ဂါများဖြစ်သည်။ ထို့ကြောင့် ထိုအင်္ဂါများကို ကြီးပွားအောင် ကျင့်နိုင်သော တိုင်းပြည်များတွင် အုပ်ချုပ်နည်းသည် အပ်သွားချည်ပါ ဒီမိုကရေစီအုပ်ချုပ်ရေးနည်း ဖြစ်လာသည်။

**ဆွန်ယက်ဆင်**

## စတုတ္ထမြောက် ချင်းအမျိုးသားတပ်ဦး စီးပွားရေးရုံး Falam မြို့တွင် ဖွင့်လှစ်



အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသည့် ချင်းအမျိုးသားတပ်ဦး (CNF) သည် စတုတ္ထမြောက် စီးပွားရေးရုံးကို ချင်းပြည်နယ် ဖလမ်းမြို့တွင် ဖေဖော်ဝါရီလ (၁၇) ရက်နေ့က CNF အလှည့်ကျဥက္ကဌ(၁) ဒေါက်တာဇလျှေထန်း နှင့် ချင်း ပြည်နယ်ဥပဒေချုပ် ပူးကပ်တဲ့ျာလ်တို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

ရုံးဖွင့်ပွဲ အခမ်းအနားသို့ CNF ဖက်မှ အထွေထွေအတွင်းရေးမှူး(၃) ပူး ခွဲအုပ်လျန်၊ ထန်တလန်ဆက်ဆံရေးရုံးအရာရှိ ပူး အိပ်ချ်စီရာလ်နှင်း၊ တီးတိန်ဆက်ဆံရေးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ခေါင်းဆောင်များ၊ အစိုးရဖက်မှ ချင်းပြည်နယ် နယ်လုံဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲမှူး နှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီ၊ မြို့မိမြို့ဖ၊ ဘာသာရေးအသင်းအဖွဲ့၊ လူမှုအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိများ စုစုပေါင်း (၅၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် CNF အလှည့်ကျဥက္ကဌ(၁) ဒေါက်တာဇလျှေထန်း မှ အမှာစကားပြောကြားခဲ့ပြီး၊ ချင်းပြည်နယ်အစိုးရ နယ်လုံဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အစိုးရနှင့် CNF အကြား ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ဖလမ်းမြို့ မြို့မိမြို့ဖ ဒုတိယဥက္ကဌ Pu Ca Mang က " မိမိတို့ ဖလမ်းမြို့မှ စီအဲန်အက်ဖ် စီးပွားရေးရုံးဖွင့်လှစ်တာကို လှိုက်လှဲစွာ ကြိုဆိုကြောင်း၊ ဒေသခံတွေရဲ့ လူမှုဘဝတိုးတက်ဖွံ့ဖြိုးဖို့ ဆက်လက်ဆောင်ရွက်ပေးမယ်လို့ မျှော်လင့်ကြောင်း၊ Lucky 7 အဖွဲ့မှ ခေါင်းဆောင် (ယခင် မဆလ ကာလက ဖလမ်းမြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဌဟောင်း)

Pu Thang Kim ကလည်း ယခင်က CNF အပေါ် အမြင်လွဲမှားမှုတွေကို သင်ပုန်းချေပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ဒေသဖွံ့ဖြိုးရေးတွေမှာ ပူးပေါင်းပါဝင်သင့်ကြောင်း ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ နှစ်နာရီမှစတင်ပြီး ညနေ ၅ နာရီတွင် ပူး ခွါအုပ်လျန် မှ ကျေးဇူးတင်စကား ပြောကြားခြင်းဖြင့် အဆုံးသတ်ခဲ့သည်။
ချင်းအမျိုးသားတပ်ဦးသည် ချင်းပြည်နယ်အတွင်း ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ်မြို့သစ်၊ ပလက်ဝမြို့၊ မင်းတပ်မြို့ နှင့် ယခု ဖလမ်းမြို့စသည့် (၄)နေရာတွင် စီးပွားရေးရုံးများ ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီအစည်းအဝေး ကျင်းပပြီးစီး

ပဥ္စမအကြိမ် ပါတီညီလာခံသက်တမ်း၊ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန္နဝါရီလ(၂၂ – ၂၉)ရက်နေ့အထိ အိန္ဒိယ–မြန်မာ နယ်စပ်တစ်နေရာတွင် အောင်မြင်စွာ ပြုလုပ်ခဲ့သည်။

၄င်းအစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး ဌာနဆိုင်ရာအသီးသီး၏ အစီရင်ခံစာများ ကြားနာအတည်ပြုခြင်း၊ လက်ရှိမြန်မာ့နိုင်ငံရေး အပြောင်းအလဲအပေါ် မဟာဗျူဟာများ ချမှတ်ခြင်း၊ မြန်မာနိုင်ငံ၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲဆိုင်ရာ မူပေါ်လစီများချမှတ်ခြင်း၊ ဗဟိုကော်မတီဝင်အသစ်များ ရွေးချယ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ပေါ်လစီများ ချမှတ်ခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး၊ ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌ အပြောင်းအလဲကို ပြုလုပ်ခဲ့သည်။

၀၀၀

# (၂၇)နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အောင်မြင်စွာ ကျင်းပ




၂၀၁၅ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့တွင် ကျရောက်သော (၂၇)နှစ်မြောက် ချင်းတော်လှန်ရေးနေ့ကို ချင်းအမျိုးသားတပ်မတော်၊ ဗဟိုစစ်ဌာနချုပ်၊ ဝိတိုရိယစခန်းတွင် ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သားများ၊ မိဘပြည်သူများနှင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

(၂၇)နှစ်မြောက် ချင်းတော်လှန်ရေးနေ့အခမ်းအနားတွင် ချင်းအမျိုးသားတပ်မတော် ဒုတိယစစ်ဦးစီးချုပ်၊ စစ်ဦးစီးအရာရှိနှင့် အထူးတပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ ရဲဘော်များ၊ တပ်မိသားစုဝင်များ၊ မိဘပြည်သူများ စုစုပေါင်း (၅၀၀)ဦးခန့် တက်ရောက်ခဲ့ပြီး၊ သဘာပတိ ထန်တလန်ဆက်ဆံရေးရုံးအရာရှိ ပူးအိတ်ချိစီရာလ်နှင်းမှ မိန့်ခွန်းပြောကြား ခဲ့ပါသည်။ မိန့်ခွန်းတွင် “ချင်းအမျိုးသားတပ်ဦး၏ တော်လှန်ရေးသမိုင်းကြောင်း၊ လက်ရှိ မြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့် ချင်းအမျိုးသားတပ်မတော်သည် စည်းကမ်းရှိ၍ အရည်အသွေးပြည့်ဝသော အမျိုးသားတပ်မတော် ဖြစ်ရန် လိုအပ်ကြောင်း၊ တပ်မတော်၏ စွမ်းရည်သုံးရပ်ကို အမြဲမပြတ်ဆောင်ထားကြရန် နှင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိနိုင်ဖို့အတွက် အခက်ခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်နိုင်မည့် သံမဏိစိတ်ဓါတ်မွေးကြရန် ” မိန့်ကြားခဲ့သည်။

ချင်းတော်လှန်ရေးနေ့သို့ ချင်းအမျိုးသားတပ်ဦး၏ ထန်တလန်ဆက်ဆံရေးရုံးမှ အရာရှိနှင့် ရုံးအဖွဲ့များ၊ ဖလမ်းစီးပွားရေးဝန်ထမ်းများအပြင် ဟားခါး၊ ထန်တလန်မြို့များမှ မိဘပြည်သူ၊ လူငယ်များနှင့် ဌာနချုပ်နယ်မြေအတွင်းကျေးရွာများ မှ ရပ်မိရပ်ဖနှင့်လူငယ်များ စုစုပေါင်း (၃၀၀)ဦးခန့် လာရောက်အားပေးခဲ့သည်။

ထို့အပြင် (T n C) MUSIC BAND မှ အဆိုအကများဖြင့် နှစ်ရက်တိုင်တိုင် သီဆိုဖျော်ဖြေခဲ့သည်။

# အခွင့်အရေးများ ဟူသည်

✍ ပူး သောမတ်စ် ထန်နီး

အခွင့်အရေး ဆိုသည်မှာ တဦးချင်းဆိုင်ရာနှင့်ပါတ်သက်၍ ရသင့်ရထိုက်ကြောင်း တောင်းဆိုချက်ကို အဖွဲ့အစည်းနှင့်နိုင်ငံတော်က အသိအမှတ်ပြုသည့် အရာပင်ဖြစ်သည်။ ၎င်းတွင် –

(၁) လူပုဂ္ဂိုလ်များ၏ ရသင့်ရထိုက်ကြောင်း တောင်းဆိုမှု
(၂) လူ့အဖွဲ့အစည်း၏ အသိအမှတ်ပြုမှု နှင့်
(၃) အတူနေထိုင်သည့် လူစုက ကိုယ်ကျင့်တရားဆိုင်ရာ အသိအမှတ်ပြုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အစိုးရက ဥပဒေအသုံးအနှုန်း (စည်းကမ်းချက်များ)ဖြင့် ဖော်ပြထားသည်။

ယင်း၏ဆိုလိုရင်းမှာ လူ့အဖွဲ့အစည်းတခုက အသိအမှတ်ပြုထားသော လူတဦးချင်းဆိုင်ရာနှင့်ပတ်သက်၍ ကိုယ်ကျိုးမဖက်သည့် တောင်းဆိုမှုများရှိလာသောအခါ၊ ယင်းတောင်းဆိုမှုများနှင့်အညီ အဓိပ္ပါယ်ပြန်ဆို၍ နိုင်ငံအာဏာပိုင်များက တရားဝင်အသိအမှတ်ပြုခြင်း (သို့မဟုတ်) တရားဥပဒေနှင့်အညီ အာဏာတည်စေခြင်း ပင်ဖြစ်သည်။ ထိုမှ အခွင့်အရေးများ ဖြစ်လာခဲ့ရသည်။ နိုင်ငံတော်က ဤကဲ့သို့ တရားဝင်အသိအမှတ်ပြုသည့်အခါ လူ တစ်ဦးချင်းဆိုင်ရာရော လူ့အဖွဲ့အစည်းကပါ အသုံးပြုမှု ဖြစ်ပေါ်စေသည်။

အခွင့်အရေးများကို အဓိက အမျိုးအစား(၂)ခုအဖြစ် ခွဲခြားနိုင်သည်။ ယင်းတို့မှာ ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အရေးနှင့် တရားဥပဒေဆိုင်ရာ အခွင့်အရေးတို့ဖြစ်သည်။ ယင်း အမျိုးအစားနှစ်ခုကို အောက်ပါအတိုင်း ထပ်မံ ခွဲစိတ်နိုင်သည်။

## ၁။ ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အရေးများ (Moral Rights)

ဤအခွင့်အရေးများသည် အတူနေထိုင်ကြသော လူစုလူဝေး၏ ကျိုးကြောင်းဆင်ခြင်ညဏ်အပေါ် အခြေခံပြီး ရသင့်ရထိုက်ကြောင်း တောင်းဆိုမှုများဖြစ်သည်။ လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်ဆိုင်ရာ (သို့မဟုတ်) ကိုယ်ကျင့်တရားဆိုင်ရာ အလေ့အထအပေါ်တွင်

အဓိက အခြေပြုထားသောကြောင့် တရားဥပဒေနှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်း အတိုင်း လုပ်ဆောင်ရန်မလိုအပ်ပေ။ ဆိုလိုသည်မှာ ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အရေး များသည် ဥပဒေအရ တရားရုံးများမှတဆင့် လိုက်နာစေရန်မလိုပေ။ ဤကိုယ်ကျင့် တရားဆိုင်ရာ အခွင့်အရေးများ အမှန်တကယ် တည်တံ့ခိုင်မြဲနိုင်ခြင်းသည် ယင်း၏ နောက်တွင် အဖွဲ့အစည်းရှိနေသောကြောင့် ဖြစ်သည်။ ဤအခွင့်အရေးနှင့်ပတ်သက်၍ ဥပမာအချို့ကို ပေးရလျှင် ကလေးတစ်ဦးကို သူ၏မိဘများက ထိုက်သင့်စွာ အကာအကွယ် ပေးရမည် ဖြစ်သည်။ အကယ်၍ ၎င်း၏မိဘများက ကလေးအပေါ်တွင် အကာအကွယ်ပေး ရန် ဂရုစိုက်မှုပျက်ကွက်ခဲ့လျှင် ကလေးအပေါ် ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အရေး ချိုး ဖောက်ခြင်းပင် ဖြစ်သည်။ ကျင့်ဝတ်ဆိုင်ရာ အခွင့်အရေးတခုသည် ဥပဒေအရ အာဏာ တည်ရန် (သို့မဟုတ်) အကာအကွယ်ပြုရန် ခွင့်ပြုသည့်အခါ တရားဥပဒေဆိုင်ရာ အခွင့် အရေး ဖြစ်လာသည်။ ထိုနည်းတူ မယားတစ်ဦးကို သူမ၏လင်က ကြင်နာယုယစွာ ပြုမူ ဆက်ဆံရန် ကျင့်ဝတ်ဆိုင်ရာအခွင့်အရေး ထိုမယားထံ၌ ရှိသည်။ ဆရာတစ်ဦးသည် သူ၏ တပည့်များကလေးစားရန် ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းထားရမည်။

## ၂။ နိုင်ငံသားများဆိုင်ရာ အခွင့်အရေးများ (Civil Rights)

ဤအခွင့်အရေးများသည် ပုဂ္ဂလိကဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုနှင့် လူပုဂ္ဂိုလ်တစ် ဦးချင်းဆိုင်ရာ မရှိမဖြစ်လိုအပ်သော ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အနေအထားများနှင့် သက်ဆိုင် သည့် အခွင့်အရေးများဖြစ်သည်။ ဤအခွင့်အရေးများသည် ယဉ်ကျေးသိမ်မွေ့စွာ ရှင်သန် ရပ်တည်မှုဘဝ ဖြစ်လာစေရန် မရှိမဖြစ်လိုအပ်သည်။ အရေးကြီးသော နိုင်ငံသားအခွင့် အရေးများအချို့ကို ဖော်ပြရလျှင် အသက်ရှင်ပိုင်ခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ လွတ်လပ် စွာနေထိုင်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ တန်းတူညီမျှ ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ မိသားစုထူထောင်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ထူထောင်ခွင့် စသည်တို့ ဖြစ်ကြသည်။

☞ တဖက်သို့

### ၃။ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ (Political Rights)

နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် နိုင်ငံသားတစ်ဦးက နိုင်ငံ၏နိုင်ငံရေး ဆိုင်ရာအရေးအရာ၌ ပါဝင်လာစေရန် စွမ်းဆောင်စေနိုင်သော အခွင့်အရေးများနှင့် စပ်ဆိုင်သည်။ တနည်းအားဖြင့်ဆိုရလျှင် နိုင်ငံသားများသည် ပြည်သူ့ရေးရာ၌ ပါဝင်လာစေရန် နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် ပတ်သက်သော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ဖြစ်ကြသည်။ ဤအခွင့်အရေးများတွင် မဲပေးခွင့်၊ ရွေးချယ်ခွင့်၊ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်၊ အစိုးရကို ဝေဖန်နိုင်ခွင့်တို့ ဖြစ်ကြသည်။

### ၄။ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ (Economic Rights)

ဤအခွင့်အရေးသည် လူတို့၏ စားဝတ်နေရေးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လူတို့၏ အသက်မွေးဝမ်းကျောင်း (သို့မဟုတ်) ကြိုးစားအားထုတ် လုပ်ကိုင်နေရသော အလုပ်အကိုင်များနှင့် စေ့စပ်သောအခွင့်အရေးများ ဖြစ်သည်။ ရိုးရိုးရှင်းရှင်း ဖော်ပြရလျှင် စီးပွားရေးအခွင့်အရေးသည် လူသားများ ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်ရန်အတွက် ကုန်စည်များကိုအခြေခံ၍ အသုံးပြုရာတွင်လိုအပ်သော၊ မရှိမဖြစ် တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများပင်ဖြစ်သည်။ ဤအချက်က ဘဝရပ်တည်ရန်အတွက် ရထိုက်သော အခွင့်အရေးများကို ရည်ညွှန်းသည်။ ဤအခွင့်အရေးတွင် အလုပ်လုပ်ခွင့်၊ ကုန်သွယ်ရေးသမဂ္ဂ (Trade Union) တွင် ပါဝင်ခွင့်၊ အနားယူခွင့်နှင့်ခွင့်ယူခွင့်၊ လူမှုရေးဆိုင်ရာ လုံခြုံရေး စသည်တို့ ဖြစ်ကြသည်။

### ၅။ လူ့အခွင့်အရေးများ (Human Rights)

"လူ့အခွင့်အရေး" အသုံးအနှုန်းသည် လူမျိုး၊ လိင်၊ နေထိုင်ရာနေရာ၊ နိုင်ငံသားဖြစ်မှု၊ အခြားစဉ်းစားချက်များနှင့် မသက်ဆိုင်စေဘဲ လူသားအားလုံးနှင့်သက်ဆိုင်သော အခွင့်အရေးများကို ရည်ညွှန်းသည်။ လူ့အခွင့်အရေးသည် လူ့မိသားစုဝင်တခု ရှင်သန်ရပ်တည်နိုင်ရေးအတွက် မိသားစုဝင်တိုင်းက ပြည်သူ့အာဏာပိုင်များထံ (သို့မဟုတ်) နိုင်ငံတော်ထံ တောင်းဆိုနိုင်သော အနိမ့်ဆုံးအခွင့်အရေးများ ဖြစ်ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဗဟိုက လူ့အခွင့်အရေးသည် ကျွန်ုပ်တို့ လူ့သဘောသဘာဝ၏ အမွေအ

နှစ်ဖြစ်ပြီး၊ ယင်းအခွင့်အရေးမရှိပါက ကျွန်ုပ်တို့သည် လူကဲ့သို့ အသက်မရှင်နိုင်ဟု ဆိုထားသည်။ ထို့ကြောင့် လိုအပ်သော လူ့အရည်အသွေး ဖွံ့ဖြိုးတိုးတက်နိုင်ရေးနှင့် သိက္ခာရှိရှိ လူတိုင်းရှင်သန် ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခွင့်အရေးဖြစ်ကြောင်း ထင်ရှားပေသည်။ ထို့ကြောင့် ၎င်းအခွင့်အရေးများသည် လူတိုင်းအတွက်ဖြစ်ပြီး မည်သူ့ထံမှ လုယူ၍မရသော အခွင့်အရေးများ (inalienable rights)ဖြစ်သည်။

၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းထုတ်ပြန်ခဲ့သည်။ ၎င်း၏ နိဒါန်းတွင် နိုင်ငံအားလုံးနှင့် လူမျိုးအားလုံးတို့အတွက် ဘုံစံနှုန်းဟု ဖော်ပြထားပြီး၊ ကြေညာချက် (၁)တွင် လူအားလုံးတို့သည် လွတ်လပ်စွာမွေးဖွားကြပြီး ဂုဏ်သိက္ခာနှင့်အခွင့်အရေးများတွင် တန်းတူဖြစ်ကြသည်ဟု ဖော်ပြထားသည်။ ဤတွင် လူသားအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုပြီး တန်ဖိုးထားကြကာ လေးစားဆက်ဆံကြလျှင် ကမ္ဘာကြီးတွင် ငြိမ်းချမ်းစွာ လူသားများအတူ ရှင်သန်နေထိုင်ကြမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ကြမည် ဖြစ်သည်။

၀၀၀

## ပင်လုံလမ်း (သို့) ငြိမ်းချမ်းသော ပြည်ထောင်စုသို့

မျက်မှောက်မြန်မာနိုင်ငံတွင် ပြည်သူတစ်ရပ်လုံး တောင့်တ မျှော်လင့်နေသော အရာသည် ငြိမ်းချမ်းရေးဖြစ်သည်။ တိုင်းရင်းသားဒေသများတွင် သေနတ်သံများရပ်စဲလာသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်၊ နိုင်ငံအတွက် မင်္ဂလာဖြစ်သည်၊ သို့သော် အဖြေမဟုတ်သေးပေ၊ ခရီးအစမျှသာ ဖြစ်သည်၊ နိုင်ငံရေးဆွေးနွေးမှု၊ ငြိမ်းချမ်းရေး၊ စစ်မှန်သောပြည်ထောင်စု၊ ခရီးအဆင့်ဆင့်ကို ပင်ပန်းကြီးစွာ သဘောထားကြီးစွာ စိတ်ရှည်သည်းခံလျက် လျှောက်လှမ်းရပေဦးမည်။

ဤခရီးလမ်းရှည်တွင် မလွဲမသွေ ဖြတ်သန်းရမည့် သမိုင်းဝင်နေရာတစ်ခု ရှိသည်ဟု မြန်မာ့နိုင်ငံရေးအင်အားစုများက လက်ခံထားကြသည်။ ၎င်းသည်ကား ဒုတိယပင်လုံဟု တချို့က ခေါ်သော ပြည်ထောင်စုညီလာခံကြီးတစ်ရပ်ပင် ဖြစ်သည်။ တချို့က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံဟု ဆိုသည်။

ညောင်နှစ်ပင် အမျိုးသားညီလာခံမှ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာသည်။ ထိုမှဆက်ကာ အဆင့်ဆင့် လွှတ်တော်များနှင့် အစိုးရသစ် ပေါ်ထွက်လာသည်။ ပြုပြင်ပြောင်းလဲမှုများ ပေါ်ထွက်လာသည်။ အမှောင်ခေတ်ကြီး၏ ဆိုးမွေများကို အချိန်တိုတိုနှင့် အပြီးအပိုင်ရှင်းရန်မှာ လွယ်ကူသောသမိုင်းတာဝန် မဟုတ်ပေ။ အခက်ခဲဆုံးမှာ လွှတ်လပ်ရေးနှင့်အတူ သန္ဓေတည်လာခဲ့သော ပြည်တွင်းစစ် လုံးဝချုပ်ငြိမ်းရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေသည်။ မည်သည့်လမ်းပြမြေပုံဖြင့် ရောက်ကြမည်နည်း။

(၁) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက် ပေါ်ထွက်လာရပေမည်။ အစိုးရတပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားပြု ခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုများ (ပါတီများအပါအဝင်)မှ လက်မှတ်ရေးထိုးရပေမည်။

(၂) သဘောတူညီချက်တွင် လက်မှတ်ရေးထိုးသည့် ခေါင်းဆောင်များဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲထိပ်သီးကော်မတီကိုဖွဲ့စည်းပြီး အမျိုးသားတွေ့ဆုံဆွေးနွေးရေးကို ဦးတည်သွားပေမည်။ အမျိုးသားတွေ့ဆုံဆွေးနွေးမှု ဖြစ်မြောက်ရေးကော်မတီတစ်ရပ် ပေါ်ထွက်လာပေမည်။ သုတေသနပြုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အဖြေရှာရန်နည်းလမ်းများအတွက် ပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးပေမည်။

(၃) အမျိုးသားတွေ့ဆုံပွဲတွင် ဆွေးနွေးသင့်သည့် အကြောင်းအရာများစွာ ရှိပေမည်။ ဆွေးနွေးပွဲများ၏ ဆုံးဖြတ်ချက်များနှင့် ပြည်ထောင်စုညီလာခံကြီးမှ သဘောတူညီချက်များ ရရှိရေးအတွက် တင်သွင်းမည့် အဆိုပြုလွှာများကို ကော်မတီမှ စုစည်းရပေမည်။

(၄) ၂၀၁၅ တွင် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးကို (၂၀၁၅) မကူးဘဲ အောင်မြင်စွာ ကျင်းပရပေမည်။ ညီလာခံတွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ လက်နက်ကိုင်တိုင်းရင်းသားများ အပါအဝင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အင်အားစုများအားလုံးပါဝင်ပြီး ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတည်

ဆောက်ရေးဆိုင်ရာကိစ္စများအား ဖြေရှင်းပေးနိုင်မည့် ပြည်ထောင်စု သဘောတူညီချက် မူကြမ်း ပေါ်ထွက်လာပေမည်။

(၅) ပြည်ထောင်စု သဘောတူညီချက်သည် နိုင်ငံတော်၏ အမြင့်ဆုံး ပြည်ထောင်စုလွှတ်တော်ကို ဖြတ်သန်းရပေမည်။

(၆) တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲကြီး ကျင်းပမည်။

(၇) အစိုးရသစ်ပေါ်ထွက်လာပြီး ထာဝရငြိမ်းချမ်းရေးသို့ ဦးတည်သော ဖြစ်စဉ်အား ဆက်လက်ဦးဆောင် အကောင်ထည်ဖော်သွားမည်။
လေ့လာမိသမျှကို အကျဉ်းချုပ်ဝေမျှ တင်ပြခြင်းသာဖြစ်ပြီး အသေးစိတ်လုပ်ငန်းစဉ်များ ဖြည့်စွက်ရန် များစွာရှိနိုင်ပေသည်။

ပြည်ထောင်စုညီလာခံကြီးကို မြန်မာငြိမ်းချမ်းရေးစင်တာမှ ခေါင်းဆောင်ကြီးများ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များက လိုလားသည်ဟု ကြားသိနေရသဖြင့် ပြည်သူလူထု တစ်ရပ်လုံးအတွက် အထူးဝမ်းသာပီတိ ဖြစ်ရာပင်။ အင်အားစုအားလုံးပါ အမျိုးသား နိုင်ငံရေး ဆန္ဒတူစွာဖြင့် အကောင်အထည်ပေါ်လွင်လျှင် ငြိမ်းချမ်းသော ပြည်ထောင်စုကြီး ပေါ်ထွက်လာမည်မှာ ကေန်ပင်ဖြစ်သည်။

ပင်လုံညီလာခံ မည်သို့ ဖွဲ့စည်းမည်နည်းဆိုသည်မှာ ပြဿနာကြီးတစ်ရပ်ပင် ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် သုံးပွင့်ဆိုင် ခေတ်စားခဲ့သည်။ တပ်မတော်၊ NLD နှင့် တိုင်းရင်းသားများ၏ ဆွေးနွေးပွဲဖြစ်သည်။ အကောင်အထည် ပေါ်ထွက်မလာခဲ့ပေ။ ယခုအခါ သုံးပွင့်ဆိုင် အယူအဆတစ်ရပ်ကြားရသည်။ (၁) အစိုးရနှင့်စစ်တပ်၊ (၂) တိုင်းရင်းသားများ၊ (၃) ဒီမိုကရေစီနှင့် အတိုက်အခံအင်အားစုများ ဖြစ်သည်။ ရှေးအရင်နှင့် မတိမ်းမယိမ်း သာဖြစ်၍ လက်ခံကျေနပ်ဖွယ်ရာ အကောင်အထည် ဖော်ပေးနိုင်မည်မဟုတ်ပေ။ နိုင်ငံတော်က မဖြည့်နိုင်သောကွက်လပ်များကို ကြိုးပမ်းတာဝန်ယူလုပ်ဆောင်နေသော ဒီမိုကရေစီ အကူးအပြောင်းကာလတွင် တွန်းအားပေးတာဝန်ကျေသော အရပ်ဘက်

လူ့အဖွဲ့အစည်းများကို ဖယ်ထား၍ ရမည်လော။ ပြည်ထောင်စုညီလာခံဆိုသည်မှာ အလွှာစုံထောင့်ပေါင်းစုံကို လွှမ်းခြုံရပေမည်။ ထို့ကြောင့် –

၁။ အစိုးရနှင့် တပ်မတော်ခေါင်းဆောင်များ (၂၅ ရာခိုင်နှုန်းနှင့်အထက်)

၂။ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုနှင့် ပြည်နယ်များမှ တိုင်းရင်းသား ကိုယ်စားပြု ခေါင်းဆောင်များ (၂၅ ရာခိုင်နှုန်းနှင့်အထက်)

၃။ လွှတ်တော်နှင့် ဒီမိုကရေစီပါတီမှ (ပုဂ္ဂိုလ်)ကြီးများ (၂၅ ရာခိုင်နှုန်းနှင့်အထက်)

၄။ ပညာရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ( ပုဂ္ဂိုလ်)များအားလုံး လွှမ်းခြုံ ပါဝင်သော ပြည်ထောင်စုညီလာခံကို ကြိုတင်စဉ်းစားမှုလည်း ရှိနေပါသည်။

ဤညီလာခံကြီးကို အမှန်တကယ် ဦးဆောင်ရမည့် လုပ်ပိုင်ခွင့်အာဏာကို မည်သူက တာဝန်ယူမည်နည်း။ နိုင်ငံတော်အစိုးရသာလျှင် ဖြစ်မည်ဟု ယူဆပါသည်။ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှ ပေါ်ထွက်လာသော ထိပ်သီးငြိမ်းချမ်းရေး ကော်မတီသည် ညီလာခံကြီး၏ ပွဲကိုင်ကော်မတီပင် ဖြစ်လာသင့်ပါသည်။
ပြည်ထောင်စု သဘောတူညီချက်အား ညီလာခံမှဖော်ဆောင်ကာ အတည်ပြုရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကို ဖြတ်သန်းရပေမည်။ နိုင်ငံအကြီးအကဲများဖြင့် အတည်ပြုထားသော ပြည်ထောင်စုဆိုင်ရာ သဘောတူညီချက်အား ကန့်ကွက်စရာအကြောင်း ရှိနိုင်မည်မထင်ပါ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲပြီးနောက် ဆက်တိုက်ပေါ်ထွက်လာမည့် ပြည်ထောင်စု တွေ့ဆုံဆွေးနွေးပွဲများတွင် မည်သည့်အကြောင်းအရာများကို ဆွေးနွေးမည်နည်း၊ ဆွေးနွေးမည့်အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆိုင်ရာကော်မတီများကို ဖွဲ့စည်းရပေဦးမည်၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများ နောက်ခံသမိုင်းကြောင်းများ လေ့လာပြုစုခြင်းတို့ လိုအပ်ပါသည်။ လူမျိုးအလိုက် ပြည်နယ်အလိုက် သီးခြား ဝိသေသ များ ပေါ်ထွက်လာဦးမည်။ အချို့ကိစ္စများသည် လွှတ်တော်တွင် ဖြတ်သန်းဖြေရှင်း၍ ရနိုင်

သည့် ပြည်နယ်အစိုးရ၊ ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာဖြင့် မဖြေရှင်းနိုင်လျှင် ချန်ထား ခဲ့သင့်သည်။ ဥပမာ –

(၁) မူးယစ်ဆေးဝါး တိုက်ဖျက်ခြင်းလုပ်ငန်း
(၂) အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း
(၃) IDP ဒုက္ခသည်များကိစ္စ
(၄) ပြည်နယ်များတွင် ပညာရေး အဆင့်အတန်းမြင့်မားလာရေး
(၅) ပြည်နယ်များတွင် ကျန်းမာရေး အဆင့်အတန်းမြင့်မားလာရေး
(၆) တိုင်းရင်းသားလူမျိုးများအကြား ဒေသခံရေဒီယို ထုတ်လွှင့်ရေးကို ဒေသခံဘာသာ စကားသုံးစွဲရေး၊ အခြားသတင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်လာရေး စသည်ဖြင့် များစွာ ရှိနိုင်ပါသည်။

## အဓိကရေးရာကြီးများမှာ

၁။ အာဏာခွဲဝေရေး
၂။ လုံခြုံရေး
၃။ စီးပွားရေးနှင့်
၄။ အုပ်ချုပ်ရေးကိစ္စများ ဖြစ်သည်။

အာဏာခွဲဝေရေးကိစ္စတွင် ပြည်ထောင်စုအစိုးရ အာဏာ၊ ပြည်နယ်အစိုးရများ၏ သီးခြား သော ရပိုင်ခွင့်အာဏာများကို လေ့လာဆန်းစစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေးကို ဦးတည်ပေးသည့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများတွင် ပြည်နယ်နှင့် တိုင်းဒေသ များရှိ လုံခြုံရေးတပ်များ၏ အခန်းကဏ္ဍ၊ အရေးပေါ်အခြေအနေ၊ နိုင်ငံတော်လုံခြုံရေးအား ခြိမ်းခြောက်ခြင်းကိစ္စများကို ဆွေးနွေးသင့်သည်။ ဖက်ဒရယ် ပြည်ထောင်စုတပ်မတော် တဖြည်းဖြည်း ပီပြင်လာစေရေး လုပ်ငန်းစဉ်များ အရေးကြီးပေသည်။

စီးပွားရေးဆိုင်ရာ ကိစ္စများတွင်

(က) ဒေသအတွင်းရှိ သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲရေး
(ခ) ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ
(ဂ) ပြည်နယ်မှ ရရှိသော ဘဏ္ဍာငွေကို ခွဲဝေခြင်း
(ဃ) ပြည်နယ်နှင့် တိုင်းဒေသများအကြားတွင် အရင်းအမြစ်များခွဲဝေခြင်း
(င) အထူးစီးပွားရေးဇုံ တည်ဆောက်ခြင်း
(စ) ရေရှည်တည်တံ့သော စီးပွားရေးစီမံကိန်းများ

စသည်တို့မှာ အရေးကြီးသော မေးခွန်းများအဖြစ် ပေါ်ပေါက်လာပေမည်၊ နိုင်ငံရေး ဆွေးနွေးပွဲများမှ သည် ပြည်ထောင်စုညီလာခံကြီးဆီသို့ ဦးတည်သွားပေလိမ့်မည်။

**(ဖက်ဒရယ်ဂျာနယ်၊ ဩဂုတ်လ ၂၀၁၃ မှ ပြန်လည်တင်ပြသည်)**

ချင်းအမျိုးသားရေးရာ စာစောင်ကို ချင်းအမျိုးသားတပ်ဦး၊
ပါတီရေးရာဌာနမှ သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး

စာစောင်များကို ချင်းအမျိုးသားတပ်ဦး၊ ပြည်တွင်းဆက်ဆံရေးရုံးများမှ
တဆင့် ဖြန့်ချီသွားမည် ဖြစ်ပါသည်။

ဆက်သွယ်ရန်
Email: bhmaunglay@gmail.com\ cnfinfo88@gmail.com
Website; www.chinland.org